ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၆၆)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၂ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၃ ရက် )**

**[သောကြာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၆)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၆၆)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ် ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၆)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၈)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၏ (၈၂.၇၉) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၆၆)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ<br>ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးညွန့်တင်၊ ရန်ကုန်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမြတ်ကို၊ စစ်ကိုင်း(၁၂)၊ ပြည်ပခရီးစဉ်။ ဦးခင်မောင်ရီ၊ ဧရာဝတီ(၆)၊ ဥပဒေကြမ်းကော်မတီ အစည်းအဝေး။ ဦးမြင့်ထွန်း၊ ပဲခူး(၁၀)၊ ၎င်းအတိုင်း။ ဦးစိုးမြင့်၊ မကွေး(၆)၊ ၎င်းအတိုင်း။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ၎င်းအတိုင်း။ ဦးဟာရှိန်းဘွေ၊ ချင်း(၈)၊ ၎င်းအတိုင်း။ ဦးမိုးမြင့်၊ တနင်္သာရီ(၇)၊ ၎င်းအတိုင်း။ ဦးမောင်အေးထွန်း၊ ရခိုင်(၉)၊ ၎င်းအတိုင်း။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ ဥပဒေကြမ်းကော်မတီအစည်းအဝေး။ ဗိုလ်မှူးကြီးခင်စိုး၊ တပ်မတော်၊ ၎င်းအတိုင်း။ ဦးမန်းကံညွန့်၊ ကရင်(၂)၊ ကရင်အမျိုးသား စည်းလုံး ညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေးညီလာခံ။ ဦးစောမော်ထွန်း၊ ပဲခူး(၁)၊ ကျန်းမာရေး။ ဒေါ်တာစိုးထွန်း၊ မန္တလေး(၁)၊ ကျန်းမာရေး။ ဦးမြင့်လှိုင်၊ ရခိုင်(၁၂)၊ ရေဘေးကယ်ဆယ်ရေး။ ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်း(၄)၊ ကျန်းမာရေး။ ဦးတင်မောင်ဝင်း၊ မန္တလေး(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်ဌေး၊ မန္တလေး(၁၀)၊ ကော်မတီတာဝန်။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဝင်းသိန်း၊ ဧရာဝတီ(၉)၊ ဆေးစစ်။ ဦးမောင်မောင်အေး၊ ဧရာဝတီ(၁၁)၊ ကျန်းမာရေး။ ဗိုလ်မှူးမျိုးမောင်သိန်း၊ တပ်မတော်၊ ကျန်းမာရေး။ ဦးအောင်ချိုဦး၊ ပဲခူး(၁၁)၊ ကျန်းမာရေး။ ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစံပြည့်၊ ကချင်(၇)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးစောထွန်းမြအောင်၊ ကရင်(၅)၊ ကရင်အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေး ညီလာခံတို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၆၆)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၉) ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၈)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၇)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းမယ့် မေးခွန်းများဟာ သမ္မတရုံးဝန်ကြီးဌာန (၁)၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ပခုက္ကူမြို့နယ်၊ ကမ္မကျေးရွာအုပ်စု၊ လမ္မတော်ကျေးရွာတွင် ကျန်းမာရေးနှင့်ညီညွတ်သော သောက်သုံးရေ ရရှိရေးအတွက် စက်ရေတွင်းတစ်တွင်း တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသော်ဇင်ဦး က ပခုက္ကူမြို့နယ်၊ ကမ္မကျေးရွာအုပ်စု၊ လမ္မတော် ကျေးရွာတွင် ကျန်းမာရေးနှင့်ညီညွတ်သော သောက်သုံးရေ ရရှိရေးအတွက် စက်ရေတွင်းတစ်တွင်း တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးသော်ဇင်ဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ ရှိသေလေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသော်ဇင်ဦး ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ပခုက္ကူမြို့နယ်၊ ကမ္မကျေးရွာအုပ်စု၊ လမ္မတော်ကျေးရွာမှာ ကျန်းမာရေးနှင့်ညီညွတ်သော သောက်သုံးရေ ရရှိရေးအတွက် စက်ရေတွင်း (၁)တွင်းတူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ရဲ့ မဲဆန္ဒနယ်မြေဖြစ်တဲ့ ပခုက္ကူမြို့နယ်၊ ကမ္မကျေးရွာအုပ်စုဟာ ပခုက္ကူမြို့ရဲ့ အနောက်ဖက် (၁၉)မိုင်ခန့် အကွာမှာ တည်ရှိတဲ့ ကျေးရွာအုပ်စု ကြီးဖြစ်ပါတယ်။ ယနေ့အခါမှာဆိုရင် အုပ်စုမှာရှိတဲ့ ကျေးရွာပေါင်း (၁၂)ရွာအား ရပ်ကွက်အဖြစ် ပြောင်းလဲပြီးတော့ ကမ္မမြို့အဖြစ် အသိအမှတ်ပြု ပြောင်းလဲပြီးလည်း ဖြစ်ပါတယ်။ ၎င်း (၁၂) ရပ်ကွက်တွင် ပါဝင်တဲ့ လမ်းမတော်ကျေးရွာဟာ အိမ်ခြေ (၂၁၀)နဲ့ အိမ်ထောင်စု (၂၆၂)စု နှင့် လူဦးရေ (၉၆၂)ဦး ရှိပါတယ်။ ကျေးရွာနေပြည်သူများအနေနဲ့ သောက်သုံးရေ သုံးစွဲကြရာမှာ မိမိတို့ရဲ့ ခြံဝန်း အတွင်း ကိုယ်ပိုင်ရေတွင်းများ၊ တွင်းတိမ်များ တူးပြီးတော့ အနက်ပေ (၄၀)၊ (၅၀)ခန့် တူးဖော်ပြီး သုံးစွဲ ခဲ့ကြရပါတယ်။ ကျေးရွာအတွင်း ကိုယ်ပိုင်တွင်း တူးဖော်ထားတဲ့ ရေတွင်းပေါင်း (၁၈၀)ခန့်ရှိရာ ရရှိသော သောက်သုံးရေမှာ အပေါ်ယံရေငန်များသာဖြစ်ပြီး သောက်သုံးရန်အတွက် ကျန်းမာရေးနှင့် ညီညွတ်မှုမရှိ ဖြစ်ကြရပါတယ်။

ကျေးရွာနေပြည်သူများအနေဖြင့် သောက်သုံးရန်ရေကို (၃)ဖာလုံခန့် ကွာဝေးတဲ့ ရေလည် ဘုန်းကြီးကျောင်း ကျေးရွာမှာ ရေတွင်းနဲ့အနီးရှိ လက်ပြကျေးရွာမှာရှိတဲ့ ရေတွင်းများသို့ သွားရောက် ပြီးတော့ သယ်ယူအသုံးပြုကြရပါတယ်။ ၎င်းဘုန်းတော်ကြီးကျောင်းမှာရှိတဲ့ ရေတွင်းအား တစ်ရွာ လုံးမှ ပြည်သူများ အားထားအသုံးပြုနေကြရပါသဖြင့် လုံလောက်မှုမရှိဘဲ ကျန်းမာရေးနှင့် ညီညွတ် သော သောက်သုံးရေရရှိရန် အခက်အခဲများနှင့် ရင်ဆိုင်နေကြရပါတယ်။ သန့်ရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သော သောက်သုံးရေရရှိရေးအတွက် ရေတွင်း(၁)တွင်း တူးဖော်ပေးရန်မှာ လိုအပ်လျက် ရှိပါတယ်။

သို့ဖြစ်ပါ၍ ပခုက္ကူမြို့နယ်၊ ကမ္မကျေးရွာအုပ်စု လမ္မတော်ကျေးရွာမှာ ကျန်းမာရေးနှင့် ညီညွတ်သော သောက်သုံးရေရရှိရေးအတွက် အဝီစိတွင်း (၁)တွင်း တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။

**မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာစံပြကျေးရွာ စတင်တည်ထောင်ခဲ့စဉ်ကပင် တာဝန်ရှိပုဂ္ဂိုလ်များ စီစဉ်ထားရှိခဲ့သည့် ဖွံ့ဖြိုးရေး မြေကွက်လပ်တွင် ဒေသခံပြည်သူများ လိုအပ်ချက်အရ တန်ဖိုးနည်းအိမ်ရာများ ဖော်ထုတ်ပေးနိုင်ပါရန် တင်ပြချက်များအပေါ် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနု က မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာစံပြကျေးရွာ စတင်တည်ထောင်ခဲ့စဉ်ကပင် တာဝန်ရှိပုဂ္ဂိုလ်များ စီစဉ်ထားရှိခဲ့သည့် ဖွံ့ဖြိုးရေး မြေကွက်လပ်တွင် ဒေသခံပြည်သူများ လိုအပ်ချက်အရ တန်ဖိုးနည်းအိမ်ရာများ ဖော်ထုတ်ပေးနိုင် ပါရန် တင်ပြချက်များအပေါ် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီး များနှင့်တကွ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်းနဲ့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနု ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာစံပြကျေးရွာ စတင်တည်ထောင်စဉ်ကပင် တာဝန်ရှိပုဂ္ဂိုလ်များ စီစဉ်ထားရှိခဲ့တဲ့ ဖွံ့ဖြိုးရေးမြေကွက်လပ်မှာ ဒေသခံပြည်သူတို့ရဲ့ လိုအပ်ချက်အရ တန်ဖိုးနည်းအိမ်ရာများ ဖော်ထုတ်ပေးနိုင်ပါရန် တင်ပြချက်များအပေါ် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို သိလို၍ မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာစံပြကျေးရွာဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း(၂၀)ကျော်ကာလဖြစ်တဲ့ ၁၉၉၄ ခုနှစ်က ငမိုးရိပ်ဘက်စုံရေလှောင်တမံ စီမံကိန်းဧရိယာ မလွတ်ကင်းတဲ့ ပုဂ္ဂိုလ်၊ ကျေးရွာများကို ပြောင်းရွှေ့ အသစ်တည်ထောင်ပေးခဲ့တဲ့ ရွှေနံ့သာစံပြကျေးရွာဖြစ်ပါတယ်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး ဦးဆောင်တည်ထောင်ပေးခဲ့တဲ့ ဒီစံပြ ကျေးရွာမှာ အလျား ပေ ၄၈၀ x အနံပေ ၄၀၀ ရှိတဲ့ ပန်းခြံမြေပါဝင်ခဲ့ပေမယ့် နှစ်(၂၀)ကျော်ကာလတိုင် အောင် ပန်းခြံအဖြစ် ဖော်ဆောင်ပေးနိုင်ခဲ့ခြင်းမရှိဘဲနဲ့ သစ်တောဦးစီးဌာန ပျိုးဥယျာဉ်အဖြစ် တာဝန်ရှိ သူများက ယာယီ အသုံးပြုခွင့်ပေးခဲ့တဲ့နေရာဖြစ်ကြောင်းလည်း သိရှိရပါတယ်။

သို့ရာတွင် သစ်တောဦးစီးဌာနအနေဖြင့်လည်း ဆိုင်းဘုတ်တင်ပြီးတော့ ပျိုးဥယျာဉ်အဖြစ် အကြောင်းပြထားသော်လည်း တရားဝင် အစောင့်အရှောက်ကလည်းမရှိ၊ ခြောက်သွေ့လျက်ရှိနေသည့် မိမိတို့ရဲ့ မူလပန်းခြံမြေနေရာကို မြင်တွေ့နေရတဲ့ ဒေသခံပြည်သူတွေက လောလောဆယ် မိမိတို့ကြုံတွေ့နေရတဲ့ နေရေးအခက်အခဲများကို နိုင်ငံတော်က ဖြေရှင်းဆောင်ရွက်ပေးတဲ့အနေဖြင့် အဆိုပါ ဖွံ့ဖြိုးရေးမြေကွက်နေရာမှာ ရှေးယခင်က ယာယီခွင့်ပြုထားခဲ့သည့် သစ်တောပျိုးဥယျာဉ်အား အပြီးအပိုင်ဖယ်ရှားပြီးတော့ ဒေသခံပြည်သူတို့အတွက် မရှိမဖြစ် လိုအပ်နေတဲ့ တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ကာ သင့်တင့်မျှတတဲ့နှုန်းထား အစီအစဉ်များဖြင့် ဒေသခံများအား ဦးစားပေး ချထားပေးနိုင်ပါရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့လည်း တင်ပြပြီးဖြစ်ပါကြောင်း၊ မိမိ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အနေဖြင့်လည်း ဒေသခံပြည်သူတို့၏ လိုအပ်ချက်ကို မဖြစ်မနေ ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ပါရန် ဒေသဖွံ့ဖြိုးရေးနှင့် လွှတ်တော်အတွေ့အကြုံများ ရှင်းလင်းရန် ပြည်သူတို့ထံ ကွင်းဆင်းဆောင်ရွက်စဉ် စာဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း မိမိအား အလေးအနက် ဆွေးနွေးတင်ပြအကူအညီ တောင်းခံခဲ့ကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စံပြကျေးရွာတည်ထောင်စဉ်က ပန်းခြံအမည်ဖြင့် ဒေသဖွံ့ဖြိုးရေးအတွက် တာဝန်ရှိပုဂ္ဂိုလ်များက သတ်မှတ်စီစဉ်ပေးခဲ့သော်လည်း ပျိုးဥယျာဉ်အဖြစ် ယာယီအသုံးပြုခွင့်ရခဲ့သည်တွင် သစ်တောဦးစီးဌာနက ဆိုင်းဘုတ်တင် ဟန်ပြ ဘာမှမယ်မယ်ရရ ဘာမှမလုပ်နိုင် မောင်ပိုင်စီးရန် ကြိုးပမ်းလာကြသည့်အတွက် လွန်ခဲ့သည့် (၂)နှစ်ခန့်ကပင် ဒေသခံပြည်သူများက သက်ဆိုင်ရာသို့ ကန့်ကွက်တိုင်ကြားခဲ့ခြင်းဖြင့် ဆောင်ရွက်ခဲ့ပါကြောင်းကိုလည်း ဖွင့်ဟတင်ပြခဲ့ကြပါတယ်။ စီးပွားရေးမြို့တော်ဖြစ်တဲ့ ရန်ကုန်မြို့ဟာ လူဦးရေထူထပ်သိပ်သည်းပြီး နေစရာအိမ် လိုအပ်ချက်ဟာ တစ်နေ့တခြား မြင့်မားလျက်ရှိတဲ့နေရာမှာ ရွှေနံ့သာစံပြကျေးရွာဟာလည်းပဲ မင်္ဂလာဒုံမြို့နယ်ရဲ့ အချက်အခြာ တစ်နေရာဖြစ်လာပြီး မူလပန်းခြံဖွံ့ဖြိုးရေး မြေကွက်ကျယ်ကြီးမှာ တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ပြီးတော့ အမှန်တကယ်နေရေး အခက်အခဲကြုံတွေ့နေကြရတဲ့ ဒေသခံပြည်သူများအတွက် တိုက်ရိုက်အကျိုးခံစားခွင့်ရရှိရေးအတွက် ဆောင်ရွက်ပေးသင့်ပါကြောင်းကိုလည်း အလေးအနက် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေသခံပြည်သူများအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အား တင်ပြထားသကဲ့သို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဖြစ်သည့် မိမိအား တင်ပြထားချက်များအပေါ် အခြေခံပြီး မိမိအနေဖြင့် ကွင်းဆင်းစစ်ဆေး ကြည့်ရှုခဲ့ရာ ဖြစ်ရပ်မှန်များကို မြင်တွေ့သိရှိရပါသဖြင့် ဒေသခံပြည်သူတို့၏ ဆန္ဒလိုအပ်ချက်များနှင့်အညီ ပျိုးဥယျာဉ်အဖြစ်ယာယီ အသုံးပြုခွင့် ပေးထားခဲ့တဲ့ မူလပန်းခြံမြေကွက်နေရာမှာ တန်ဖိုးနည်းအိမ်ရာများအမြန် ဖော်ထုတ်ဆောင်ရွက်ပေးရန် အချိန်တန်ပြီဖြစ်ပါကြောင်းနဲ့ မိမိတို့ဒေသဖွံ့ဖြိုးရေးအတွက် တည်ရှိနေသည့် အဆိုပါမြေကွက်နေရာမှာ ဒေသခံပြည်သူတွေက တန်ဖိုးနည်းအိမ်ရာ ဆောက်လုပ်မည့် မြေနေရာ မကျူးကျော်ရ ဒေသခံပြည်သူများ ရွှေနံ့သာစံပြဟူ၍ ထင်ရှားသည့်အမှတ်အသားဆိုင်းဘုတ်များကိုပင် စိုက်ထူကာ မိမိတို့တင်ပြပြီးသည့်အတိုင်း သက်ဆိုင်ရာတာဝန်ရှိသူများက တန်ဖိုးနည်းအိမ်ရာ လာရောက် အကောင်အထည်ဖော်ဆောက်လုပ်ပေးမည့် နေ့ရက်နဲ့ အချိန်အခါကို စောင့်မျှော်ရင်းနဲ့ ဒေသခံပြည်သူများက အဆိုပါ မြေကွက်ကို ကျူးကျော်သူများအန္တရာယ်မှ စောင့်ရှောက်ကာကွယ်ပေးလျက်ရှိနေကြောင်းကိုလည်း သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါတင်ပြချက်များနဲ့ ပတ်သက်ပြီး ပိုမို၍ ထင်သာမြင်သာ ရှိစေရန်အတွက် Power Point ဖြင့် တင်ပြခွင့်ပြုပါရန် လေးစားစွာ ခွင့်တောင်းခံအပ်ပါတယ်။ အခုမြင်တွေ့နေရတဲ့

တင်ပြချက် (၁)ဟာဖြင့် ကျွန်တော်တို့ ပျိုးဥယျာဉ်ဌာနကနေပြီးတော့ ကျွန်တော်တို့ ဆိုင်းဘုတ်တင်ပြီးတော့ မိမိတို့ ပျိုးဥယျာဉ်ဖြစ်ပါတယ်ဆိုတဲ့ အမှတ်အသားနဲ့ ဖော်ပြထားတဲ့ ဆိုင်းဘုတ်မြေနေရာဖြစ်ပါတယ်။ ဒီမြေယာ ပေ(၄၀၀)နဲ့ (၄၂၀)ဝန်းကျင်ရှိတဲ့ မြေကွက်ကြီးဟာ ဆိုင်းဘုတ်ရဲ့ နောက်ကွယ်မှာ တစ်ခွင် တပြင်ကြီး ကျယ်ဝန်းစွာ လွတ်လွတ်လပ်လပ် ရှိနေကြောင်းကိုလည်း ဆက်လက်တင်ပြအပ်ပါတယ် ခင်ဗျား။ ဒုတိယ Power Point ကို၊ ဒါကတော့ အချိန်ကြာမြင့်လှပြီဖြစ်တဲ့အတွက်ကြောင့် ရွှေနံ့သာ ပျိုးဥယျာဉ်မြေနေရာ ပျိုးဥယျာဉ်ဆိုတဲ့ ဆိုင်းဘုတ်ကတော့ မပြင်တာနဲ့ လာရောက်ပြီးတော့ ဆောင်ရွက် တာကြာလှပြီဖြစ်တဲ့အတွက်ကြောင့် ပျက်စီးယိုယွင်းပြီးတော့ ဖတ်လို့မရလောက်အောင် မြင်နေရမယ့် ပျိုးဥယျာဉ်မြေနေရာရဲ့ ဆိုင်းဘုတ်တစ်ခု ဖြစ်ပါတယ်။

ဒါကတော့ အခု အဲဒီ ပျိုးဥယျာဉ်ရဲ့ အလယ်ခေါင်တစ်နေရာမှာ အခုမြင်ကွင်းလောက်သာ အကျယ်အဝန်းကို လူတစ်ယောက်ကို အငှားချထားပြီးတော့ (၁)လ (၁)သောင်း၊ ဒီစိုက်ပျိုးစားသောက်တဲ့ မိသားစုတစ်စုကို ခွင့်ပြုထားတာဖြစ်ပါတယ်။ သူ့ရဲ့လုပ်ဆောင်ချက်ကလည်း ကွင်းရဲ့အလယ်ခေါင်မှာ အဲဒီ တဲငယ်တစ်ခုနဲ့ ဒီမြင်ရတဲ့ မြောင်းလောက်ကိုသာ စိုက်ပျိုးရေးနဲ့ (၁)လ (၁)သောင်းကို စိုက်ပျိုးရေးဌာနကို ကျွန်တော်တို့ ပျိုးဥယျာဉ်ဌာနကို ပေးနေရကြောင်းလည်း သိရှိရပါတယ်။

ဒါကတော့ စပြီးတော့ ပျိုးဥယျာဉ်အဖြစ် စတင်ဆောင်ရွက်ခဲ့စဉ်တုန်းက ရေစင်တည်ဆောက်ခဲ့ တာဖြစ်ပြီး အခုအခါ ဒီရေစင်နဲ့ မြင်ရတဲ့ မြင်ကွင်းတွေဟာ ဘာမှ အသုံးမကျတော့ဘဲနဲ့ ပျက်စီးယိုယွင်း နေပြီဖြစ်ကြောင်းကိုလည်း တင်ပြတဲ့ တင်ပြချက်နံပါတ်(၄)ဖြစ်ပါတယ်။ ဒါကတော့ ခုနက ကျွန်တော် ပြခဲ့တဲ့ စိုက်ပျိုးမြေနေရာရဲ့ ဘေးဘက်မြင်ကွင်းတစ်ခုဖြစ်ပြီးတော့ အဲဒီအိမ်မှာနေတဲ့ နွမ်းပါးတဲ့ မိသားစုဝင်များဟာ သူ့အိမ်ရှေ့မှာရှိတဲ့ ဖော်ပြပါ မြောင်းလောက်ကိုသာ စိုက်ပျိုးရင်းနဲ့ (၁)လ (၁)သောင်း သူက ပေးနေရကြောင်းကိုလည်း မြင်တွေ့ရတဲ့ မြင်ကွင်းဖြစ်ပါတယ်ခင်ဗျား။

ဒါကတော့ ပျိုးဥယျာဉ်စတင်ပြီးတော့ ပေးခဲ့စဉ်တုန်းက လာရောက်ပြီးတော့ ကျွန်တော်တို့ ပျိုးဥယျာဉ်ဌာနက သစ်တောဦးစီးဌာနက လာရောက်တဲ့အခါမှာ နားခိုနိုင်ဖို့အတွက် ဆောက်လုပ်ခဲ့တဲ့ အိမ်လေးဖြစ်ပါတယ်။ အခုအခါ ဒီအိမ်ကလည်း မလာတာကြာပြီဖြစ်တဲ့အတွက်ကြောင့် ပျက်စီးယိုယွင်းမှု များနဲ့အတူ မြင်တွေ့ရတာဖြစ်ပါတယ်။


ဒါကတော့ ဒီပျိုးဥယျာဉ်ဌာနက စိုက်ထူထားတဲ့ ဆိုင်းဘုတ်ဘေးမှာပဲ အခုအခါမှာ ဘာမှ အသုံးမကျဘဲနဲ့ ဌာနကလည်း ဘာမှအသုံးမချဘဲနဲ့ နှစ်ရှည်လများဖြစ်နေပြီဖြစ်တဲ့ ဒီနေရာမှာ ဒေသခံ ပြည်သူများက တန်ဖိုးနည်းအိမ်ရာ ဆောက်လုပ်မည့် မြေနေရာ မကျူးကျော်ရ ဒေသခံပြည်သူများ ရွှေနံ့သာ ဆိုတဲ့ ဆိုင်းဘုတ်ကို ယှဉ်တွဲပြီးတော့ စိုက်ထူထားတဲ့ပုံဖြစ်ပါတယ်။

ဒါကတော့ ကျွန်တော် နောက်ဆုံးတင်ပြတဲ့ Slide ကတော့ မိဘပြည်သူတွေဟာ ဒီနေရာကို ကျူးကျော်တွေကို ကျွန်တော်တို့ မင်္ဂလာဒုံဒေသမှာ ကျူးကျော်မှုတွေဟာ မကြာခင်က အပြင်းအထန် ဒီလိုကျူးကျော်မှုများနဲ့ ဖြေရှင်းမှုများကို အုပ်စုလိုက်ဖြစ်ပျက်နေတဲ့ ဖြစ်ရပ်တွေကြားထဲမှာ သူတို့အများ ပြည်သူက ကျွန်တော်တို့ ဒီအတွင်းရေးမှူး(၂)ကိုယ်တိုင် အမှတ်တရပေးခဲ့တဲ့ ဒီမြေကွက်ပေါ်မှာ ကျူးကျော်သူတွေ ဝင်ရောက်လာမှာစိုးတဲ့အတွက်ကြောင့် ကျွန်တော်တို့ စိုက်ပျိုးရေးဥယျာဉ်ကို ဖယ်ရှား ပြီးတော့ တန်ဖိုးနည်းအိမ်ရာ ဆောက်လုပ်မည့် မြေနေရာဖြစ်တာမဟုတ်လို့ မူလပေးခဲ့တဲ့အတိုင်း မည်သူ မျှ မကျူးကျော်ရ ဒေသခံပြည်သူများဆိုပြီးတော့ ဒီလိုဆိုင်းဘုတ်စိုက်ထူပြီးတော့ ကျွန်တော်တို့ ဒီမြေကို

အကာအကွယ်ပေးခြင်းအားဖြင့် မည်သူမျှကျူးကျော်ခြင်း မရှိဘဲနဲ့ အလယ်ခေါင်မှာ စိုက်ပျိုးတဲ့ မိသားစု တစ်စုသာ ရှိနေတဲ့ မြင်ကွင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သက်ဆိုင်ရာဝန်ကြီးဌာန အစိုးရအဖွဲ့အစည်း တာဝန်ရှိသူများအနေနဲ့ (၁) အဆိုပါဖွံ့ဖြိုးရေးမြေကွက်အား အမြန်ဆုံးကွင်းဆင်းစစ်ဆေး ဆောင်ရွက်ပေး ရန် အစီအစဉ် ရှိ/မရှိ။ (၂) အချိန်အခါ လိုအပ်ချက်အရ ယာယီအသုံးပြုခွင့်ပေးခဲ့သော သစ်တောဦးစီး ဌာန ပျိုးဥယျာဉ်အား အပြီးအပိုင်ဖယ်ရှားရန် ဒေသခံပြည်သူတို့၏ တောင်းဆိုချက်များကို အမြန် ဆောင်ရွက် ပေးရန်အစီအစဉ် ရှိ/မရှိ။ (၃) နေရေးအခက်အခဲ ကြုံတွေ့နေကြသည့် ဒေသခံပြည်သူများ အတွက် တန်ဖိုးနည်းအိမ်ရာများ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ၊ မရှိပါက အဘယ်ကြောင့် အစီအစဉ်မရှိကြောင်းနဲ့ အစီအစဉ်ရှိပါက မည်သည့်ကာလလောက်တွင် မည်သို့ ဖော်ဆောင်သွားမည်ဖြစ်သည်ကို ရွှေနံ့သာစံပြ ဒေသခံပြည်သူတို့၏အသံ ဆန္ဒနဲ့ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည့်အနေဖြင့် ပြန်လည်ဖြေကြားပေးနိုင်ပါရန် အများပြည်သူအကျိုးငှာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်။ ကျေးဇူးများစွာ တင်ပါတယ်။

စိုက်ပျိုးထားသော စိုက်ခင်းများပုံ (ရရ)



ဒေသခံပြည်သူများ စိုက်ထူထားသည့် ဆိုင်းဘုတ် မြင်ကွင်းပုံ (ရရ-၁)




တန်ဖိုးနည်းအိမ်ရာဆောက်လုပ်မည့် မြေနေရာပုံ (ရရ-၂)



**ရန်ကုန်စည်ပင်သာယာရေး နယ်နိမိတ်ရှိ မီးပွိုင့်များကို ပုဂ္ဂလိကသို့ လုပ်ကိုင်ခွင့်ပြုနိုင်ခြင်း ရှိ/မရှိကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ။** ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် က ရန်ကုန်စည်ပင်သာယာရေး နယ်နိမိတ်ရှိ မီးပွိုင့်များကို ပုဂ္ဂလိကသို့ လုပ်ကိုင်ခွင့်ပြုနိုင်ခြင်း ရှိ/မရှိ ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ ရန်ကုန်မြို့သူမြို့သားတွေက အပြင်ထွက်မယ်ဆိုလို့ရှိရင် တောင်းရတဲ့ ဆုတစ်ခုရှိပါတယ်။ ဒါကတော့ ယာဉ်ကြောပိတ်ဆို့ခြင်းမှ လွတ်ကင်းရပါလို၏ဆိုတဲ့ ဆုပါပဲ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီနေ့ရန်ကုန်မြို့ရဲ့ ယာဉ်ကြောပိတ်ဆို့မှုဟာ ရန်ကုန်မြို့ရဲ့ ယဉ်ကျေးမှုလို့တောင် ပြောရမယ့် အခြေအနေရောက်နေပါပြီ။ နေရာတိုင်းမှာ လမ်းကြောတွေပိတ်နေပါတယ်။

အထူးအဖြင့် မီးပွိုင့်ဧရိယာတွေမှာ ယာဉ်ကြောပိတ်ဆို့မှုဟာ အဆိုးရွားဆုံး ဖြစ်ပါတယ်။ အဲဒီအချိန်မှာပဲ မီးပွိုင့်ကမီးပျက်သွားတယ်။ တာဝန်ကျယာဉ်ထိန်းရဲလည်း မရှိဘူးဆိုလို့ရှိရင် အဆိုးရွားဆုံးကိုထပ်ပြီးတော့ နောက်ထပ်အဆိုးရွားဆုံးအဆင့် ထပ်ဆင့်သွားတာဖြစ်ပါတယ်။ ဒီလို အခြေအနေမျိုးကိုလည်း ကျွန်တော့် မဲဆန္ဒနယ်မြေမှာဖြစ်တဲ့ တောင်ဥက္ကလာပဘောလီဆိုတဲ့ မီးပွိုင့်မှာကြုံဖူးပါတယ်။ ဒီမီးပွိုင့်ဟာ အလွန်ယာဉ်ကြောရှုပ်ထွေးတဲ့လမ်းပါပဲ။ ကျွန်တော်ရောက်ရှိတဲ့အချိန်မှာ ဒီမီးပွိုင့်က မီးပျက်သွားတယ်။ ပျက်သွားတဲ့အချိန်မှာလည်း တာဝန်ကျယာဉ်ထိန်းရဲမရှိတဲ့အခါမှာ ဒီအားလုံးက တော်တော်ကြီးကို အကြပ်အတည်းတွေ့ရပါတယ်။ တွေ့ရတဲ့အခါမှာ ဒါကြောင့် ကျွန်တော်က ယာဉ်ထိန်းရဲတွေနဲ့ပတ်သက်တဲ့ရုံးကို ကျွန်တော်ဖုန်းဆက်ပါတယ်။ ဆရာတို့ ဒီကျွန်တော်တို့ တောင်ဥက္ကလာပဘောလီမီးပွိုင့်မှာတော့ မီးပွိုင့်လည်းပျက်၊ တာဝန်ကျယာဉ်ထိန်းရဲလည်း မရှိတဲ့အတွက် အားလုံးရှုပ်ထွေးမှု ဖြစ်နေပါပြီ။ တာဝန်ကျနဲ့ လာရောက်ရှင်းပါလို့ပြောတဲ့အခါ ဒီဆရာက တာဝန်ကျချထားတယ်လို့ပြောပါတယ်။ အဲဒီတော့တာဝန်ကျမရှိပါဘူး။ ဘယ်လက်ဖက်ရည် ဆိုင်များရောက်နေသလဲ မသိပါဘူးခင်ဗျား။ ဆရာတို့များ ဖုန်းဆက်ပြီး အကြောင်းကြားပေးပါဦးဆို တော့ သူဖုန်းချသွားပါတယ်။ ခဏနေတဲ့အခါကျမှ ကျွန်တော်တို့ ကိုယ်တော်ကြီး ရောက်လာပြီးတော့ ရှင်းပေးပါတယ်ခင်ဗျား။

အဲဒီတော့ ကျွန်တော် ဆိုလိုတဲ့သဘောက မီးပွိုင့်တွေကတော့ ပျက်တတ်ပါတယ်။ ဒီမီးပွိုင့်ပျက်တဲ့အချိန်မှာ တာဝန်ကျယာဉ်ထိန်းရဲ ချက်ချင်းမရှိတာလည်း အခြေအနေအရ နားလည်နိုင်ပါတယ်။ ဒါလည်း သူတို့မှာ သူတို့အကြောင်းပြချက်တွေ ရှိနိုင်တယ်ဆိုတာလည်း ကျွန်တော်နားလည်ပါတယ်။ ကျွန်တော် အခုတင်ပြချင်တာကတော့ ဒီ မီးပွိုင့်တွေ မီးမပျက်အောင် ကျွန်တော်တို့က ဖန်တီးပေးဖို့ပါပဲ။ ဒီလို ဖန်တီးပေးဖို့အတွက် မီးပွိုင့်တွေက ထာဝစဉ်ကောင်းနေဖို့ (၂၄)နာရီကောင်းနေဖို့အတွက် ကျွန်တော်တို့ဆီမှာ နည်းပညာ၊ ပစ္စည်းတွေရှိပါတယ်။ ဒါတွေလုပ်နိုင်တဲ့ ပြင်ပအဖွဲ့အစည်းတွေလည်း ရှိပါတယ်။ အဓိကကတော့ လုပ်ပိုင်ခွင့်ကိုပဲ ကျွန်တော်တို့က မေးရတာပါ။ အဲဒီတော့ မီးပွိုင့်တွေမှာ ရန်ကုန်မြို့ရဲ့ မီးပွိုင့်တွေမှာ (၂၄)နာရီကောင်းနေဖို့အတွက် ဒီ မီးပွိုင့်တွေကို မီးပျက်လို့ရှိရင် UPS စနစ်နဲ့ တန်းပြီးပေးနိုင်အောင်၊ ဒီ မီးပွိုင့်ပစ္စည်းတွေက ခေတ်မီပြီး၊ အမြဲတမ်း

ကောင်းမွန်ပြီး အရည်အသွေးပြည့်ဝ ကောင်းဖို့အတွက် ကျွန်တော်တို့ ပုဂ္ဂလိက အဖွဲ့အစည်းကို လုပ်ပိုင်ခွင့်ပေးဖို့ပါ။ ဒီလိုပေးလိုက်မယ်ဆိုရင် အာမခံချက်နဲ့ မီးပွိုင့်တွေ ကောင်း အောင်လုပ်မယ် ဆိုလို့ရှိရင်လည်း ခုနက မီးပွိုင့်မှာရှိတဲ့ ဖြစ်တဲ့ငရဲခန်းတွေဟာ ကျွန်တော်တို့ ပျောက်သွားနိုင်တယ်လို့ ယူဆလိုပါတယ်။

နောက်တစ်ချက်က ဒီလို ပြင်ပပုဂ္ဂလိကအဖွဲ့အစည်းကို လုပ်ပိုင်ခွင့်ပေးမယ်ဆိုလို့ရှိရင်တော့ အခကြေးငွေပေးရမှာပါ။ ဒီအခကြေးငွေက နိုင်ငံတော်က ပေးရမှာပါ။ အဲဒီမှာနိုင်ငံတော်ဘက်ကလည်း ဘဏ္ဍာရေးနဲ့ ပတ်သက်လို့အခက်အခဲရှိတယ်ဆိုလို့ရှိရင်လည်း ကျွန်တော်တစ်ခု တင်ပြတာက မီးပွိုင့် ဧရိယာတွေဆိုတာ လူအများသွားလာနေတဲ့ နေရာတွေပါ။ ဒီနေရာတွေမှာ ကြော်ငြာဆိုင်းဘုတ် လုပ်ငန်း တွေ ယှဉ်တွဲလုပ်ကိုင်ခွင့်ပြုမယ်ဆိုလို့ရှိရင် ဒီအတွက်ကလည်း ဝင်ငွေရှိပါတယ်။ ဒီအတွက် ဝင်ငွေနဲ့ မီးပွိုင့်အတွက် ကုန်ကျငွေကို ဒီနှစ်ခု ထေလိုက်မယ်ဆိုရင်လည်း အချို့နေရာတွေ၊ အချက်အခြာကျတဲ့ နေရာတွေဆိုလို့ရှိရင် ဒီအတွက် အမြတ်တောင်ထွက်နိုင်ပါသေးတယ်ခင်ဗျား။

အဓိကကတော့ ဒီလုပ်ငန်းတစ်ခုကို ပူးတွဲလုပ်ကိုင်ခွင့်ပြုမယ်ဆိုရင် နိုင်ငံတော်အတွက်က ဝန်ထုပ်ဝန်ပိုးတစ်ခုလျော့တဲ့အပြင် အကျိုးအမြတ်တောင်ရှိနိုင်ပါတယ်။ အဓိကအားဖြင့် တာဝန်ကျ ယာဉ်ထိန်းရဲတွေအတွက်ကလည်း ဒီယာဉ်ထိန်းရဲအင်အားတွေတောင်မှ ပိုလျှံပြီးထွက်နိုင်ပါတယ်။ ဒါကြောင့် ကျွန်တော့်ရဲ့ နေရပ် ရန်ကုန်မြို့ မီးပွိုင့်တွေက (၂၄)နာရီကောင်းဖို့အတွက် အထူးလိုအပ် နေပါပြီ။ ဒီမီးပွိုင့်တွေကောင်းဖို့အတွက် အာမခံချက်ရှိတဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေကို လုပ်ကိုင် ခွင့်ပြုဖို့အတွက် ဒီလိုလုပ်ကိုင်ခွင့်ပြုရင်းနဲ့လည်း ဘဏ္ဍာငွေချွေတာရာရောက်တဲ့အနေနဲ့ မီးပွိုင့်ဧရိယာ မှာ ကြော်ငြာလုပ်ငန်းတွေကိုပါ ပူးတွဲလုပ်ပိုင်ခွင့် ပြုနိုင်ဖို့အတွက် မေးမြန်းရခြင်းဖြစ်ပါ တယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၁)၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၄။**

**ဦးကျော်ကျော်ဝင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည် တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန(၁)မှ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)၊ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးသော်ဇင်ဦး၏ မေးမြန်းချက်နဲ့ပတ်သက်ပြီး မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ကိုယ်စား လေးစားစွာဖြင့် ဖြေကြားသွားမှာဖြစ်ပါတယ်။ ခွင့်ပြုနိုင်ပါရန်လည်း ဥက္ကဋ္ဌကြီးထံ တင်ပြအပ်ပါတယ်ခင်ဗျား။

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ကမ္မမြို့ အမှတ်(၆)ရပ်ကွက် (ယခင် လမ်းမတော်ကျေးရွာ) ကို ၆-၄-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၅/၄၃-၈/ဦး ၆ ဖြင့် မြို့အဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းသတ်မှတ်ထားရှိပြီး ဖြစ်ပါတယ်။ ယခင်က ပခုက္ကူမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့နယ်နိမိတ် ၃/ခ၊ ၉/ပ အဖြစ် သတ်မှတ်ထားသည့်မြို့ဖြစ်ပါတယ်။ ကမ္မမြို့ အမှတ်(၆)ရပ်ကွက် (ယခင် လမ်းမတော်ကျေးရွာ) တွင် အိမ်ခြေ(၂၁၀)၊ လူဦးရေ(၉၆၂)ဦး နေထိုင်လျက်ရှိပြီး ကမ္မမြို့ လမ်းမတော်ရပ်ကွက်တွင် (၄)လက်မ စက်ရေတွင်းကို စာသင်ကျောင်းဝန်းအတွင်း၌ ၁၉၈၅ ခုနှစ်တွင် ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနမှ တူးဖော်ပေးထားပြီး သောက်သုံးရေအတွက် သုံးစွဲလျက်ရှိပါတယ်။ မကွေးတိုင်းဒေသကြီးအတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် သောက်သုံးရေလိုအပ်ချက် နေရာများသို့ စက်ရေတွင်း (၁၇၆)တွင်း တူးဖော်ပြီးဖြစ်ပါတယ်။ ပခုက္ကူမြို့နယ်အတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် စက်ရေတွင်း(၅)တွင်းတူးဖော်ပေးပြီးဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီးအတွင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် လျာထားစက်ရေတွင်း (၁၃၉)တွင်းအနက် ပခုက္ကူမြို့နယ်တွင် စက်ရေတွင်း (၂၁)တွင်း တူးဖော်ဆောင်ရွက်လျက်ရှိပါတယ်။

ပခုက္ကူမြို့နယ်၊ ကမ္မမြို့ အမှတ်(၆)ရပ်ကွက်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် စက်ရေတွင်း တူးဖော်ပေးရန် လျာထားခြင်းမရှိပါသဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဆက်လက်၍ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနု၏ မေးမြန်းချက်နဲ့ ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ကိုယ်စား လေးစားစွာဖြင့် ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ခွင့်ပြုနိုင်ပါရန်လည်း ဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ် ခင်ဗျား။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနုမေးမြန်းသော မြေနေရာဟာ ရန်ကုန်တိုင်းစစ်ဌာနချုပ်ကနေပြီးတော့ ၈-၄-၁၉၉၆ ရက်နေ့တွင် ငမိုးရိပ်ဆည်ရေဝပ်ဧရိယာအတွင်း ကျရောက်သည့် ကျေးရွာများအား မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာစံပြကျေးရွာသို့ ပြောင်းရွှေ့ချထားခဲ့ပြီး လွှဲပြောင်းပေးသော ရွှေနံ့သာကျေးရွာသစ် အကွက်ချပုံစံတွင် မြေကွက်အမှတ်(၄)အား ပန်းခြံအဖြစ် သတ်မှတ်ထားခဲ့သော မြေနေရာဖြစ်ပါတယ်။

အဆိုပါ မြေနေရာအား ကွင်းဆင်းစစ်ဆေးခဲ့ရာ မြေပြင်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ ရွှေနံ့သာသစ်တောပျိုးဥယျာဉ်ဟု ဆိုင်းဘုတ်ထူထားပြီး တစ်ဘက်တွင် တန်ဖိုးနည်းအိမ်ရာ ဆောက်လုပ်မည့်နေရာ(မကျူးကျော်ရ)ဒေသခံပြည်သူများ ရွှေနံ့သာစံပြဟု ဆိုင်းဘုတ်ထူထားကြောင်း တွေ့ရှိရပါတယ်။ အဆိုပါ သစ်တောပျိုးဥယျာဉ်တွင် ပျိုးပင်အရေအတွက်(၈၀၀)၊ အပင်ကြီး(၂၀၀)ခန့် ရှိပြီး အပင်အမျိုးအစားများအနေဖြင့် မဟော်ဂနီ၊ ပျဉ်းမ၊ ကံ့ကော်၊ စိန်ပန်း၊ ရေတမာ၊ တည်ပင်၊ အော်ရေးရှား၊ ယူကလစ်၊ ရော်ဘာပင်များ စိုက်ပျိုးထားရှိပါတယ်။

သစ်တောဦးစီးဌာနမှ ပျိုးဥယျာဉ်အဖြစ် ဆောင်ရွက်နေသောနေရာဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်တွင် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ မြေပိုင်ဆိုင်မှု လျှောက်ထားခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)ရရှိရေး ထပ်မံလျှောက်ထားခဲ့ကြောင်း သိရှိရပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါမြေနေရာအား သစ်တောဦးစီးဌာနအနေဖြင့် ပန်းခြံအဖြစ် အကောင်အထည် ဖော်ဆောင်ရွက်ခြင်းမရှိပါက ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီသို့ လွှဲပြောင်းစဉ်ကပင် ပန်းခြံအဖြစ် သတ်မှတ်ထားသော နေရာဖြစ်သည့်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီသို့ ပြန်လည်လွှဲပြောင်းပေးရေး တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ပန်းခြံအဖြစ်သာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဆက်လက်၍ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင် ရဲ့ မေးမြန်းချက်နဲ့ ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား လေးစားစွာဖြင့် ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ခွင့်ပြုနိုင်ပါရန်လည်း ဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်ခင်ဗျား။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်းမှာ မီးပွိုင့် အရေအတွက် (၁၈၃)ခုရှိပြီး ၎င်းတို့မှာ တစ်ခုနှင့်တစ်ခု ချိတ်ဆက်မှုမရှိသော Isolated Siginal စနစ် မီးပွိုင့်များ ဖြစ်ပါတယ်။ အဆိုပါ မီးပွိုင့်များမှာ ယာဉ်ကြောစီးဆင်းမှုကို မူတည်၍ အချိန်သတ်မှတ်ပေးထားခြင်း ဖြစ်ပါတယ်။ ထို့ကြောင့် ယာဉ်ကြော ကြပ်တောက်မှုမရှိသည့်အချိန်တွင် အဆင်ပြေသော်လည်း ယာဉ်ကြော ကြပ်တောက်လာသည့်အခါ၌ မီးပွိုင့်များတွင် တာဝန်ကျသည့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များမှ အချိန်အား လိုအပ်သလို ပြောင်းလဲပေးခြင်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ရန်ကုန်မြို့တွင်း မီးပွိုင့်များအနက်မှ (၈)မိုင်လမ်းဆုံ မီးပွိုင့်အား Japan International Cooperation Agency(JICA)၏ အကူအညီဖြင့် ခေတ်မီမီးပွိုင့်စနစ်အဖြစ် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလတွင် အောင်မြင်စွာ စမ်းသပ်တပ်ဆင် အသုံးပြုနိုင်ခဲ့ပါတယ်။ ဆက်လက်ပြီး ချော်တွင်းကုန်း လမ်းဆုံ (ပါရမီလမ်းနှင့် ကမ္ဘာအေးဘုရားလမ်းဆုံ)ကို အခြေပြု၍ မီးပွိုင့်(၁၀)ပွိုင့်အား ခေတ်မီ မီးပွိုင့်စနစ် Coordinated Siginals ဖြင့် JICA မှပင် အကူအညီပေးခဲ့ပါသဖြင့် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလတွင် စတင်အသုံးပြုနိုင်ခဲ့ပါတယ်။

ထပ်မံ၍ ယာဉ်ကြော ကြပ်တောက်မှုများ များပြားသည့် တောင်မြောက်ဆက်သွယ်သော လမ်းမကြီးများမှ ပြည်လမ်းနှင့် ဝေဇယန္တာလမ်းကြား လမ်းဆုံများနှင့် အရှေ့အနောက်ဆက်သွယ်သော လမ်းများမှ ပါရမီလမ်းနှင့် ကမ်းနားလမ်းကြား လမ်းဆုံများရှိ မီးပွိုင့် အနည်းဆုံး (၆၅)ပွိုင့်အား Control Center ပါဝင်သည့် Coordinated Siginals ဆောင်ရွက်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြည်ထောင်စုအစိုးရသို့ ဘဏ္ဍာငွေ တင်ပြတောင်းခံခဲ့ရာ ကျပ်(၂၀)ဘီလီယံ ခွင့်ပြုပေးခဲ့ပါတယ်။

ထို့ကြောင့် အဆိုပါငွေဖြင့် ခေတ်မီ မီးပွိုင့်စနစ် တပ်ဆင်ရန်အတွက် တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီအား တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖွဲ့စည်းပေးခဲ့ပြီးဖြစ်သဖြင့် စတင်ဆောင်ရွက်လျက်ရှိပါတယ်။ ခေတ်မီ မီးပွိုင့်စနစ် တပ်ဆင်ပြီးသွားပါက မီးပွိုင့်နေရာတိုင်းတွင် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ တာဝန်ချထားရန်မလိုဘဲ စောင့်ကြည့်လိုသည့်နေရာတွင်သာ တာဝန်ထမ်းဆောင်ရန် ဖြစ်ပါတယ်။

မီးပွိုင့်များကို အရည်အသွေး အာမခံချက်အဖြစ် ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ တင်ဒါစနစ်ဖြင့် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုရန်နှင့် မီးပွိုင့်ဧရိယာတွင် ကြော်ငြာဆိုင်းဘုတ်များ စိုက်ထူခွင့်ပြုရန်နှင့်

ပတ်သက်၍ ယခင်က ရန်ကုန်မြို့တွင် ပုဂ္ဂလိကကြော်ငြာ ဆိုင်းဘုတ် စုစုပေါင်း(၆၅၃၇)ခုရှိခဲ့ပါတယ်။ မြို့တော်အတွင်း ရှုပ်ထွေးများပြားသော ကြော်ငြာဆိုင်းဘုတ်များ စနစ်တကျရှိစေရန်၊ ဘုရားပုထိုးများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ ရှေးဟောင်း ဗိသုကာလက်ရာ အဆောက်အအုံများ ဖုံးကွယ်မှုမရှိစေရန်၊ မြို့တော်နေပြည်သူများ နေထိုင်ရာ၌ မွန်းကြပ်မှုမရှိစေရန်နှင့် ခရီးသွားပြည်သူများ စကြ်္ကန်များပေါ်တွင် အနှောင့်အယှက်မရှိ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်စေရန်အတွက် ဆိုင်းဘုတ်များအား ကာလတစ်ခုသတ်မှတ်၍ အဆင့်လိုက် လျှော့ချခဲ့ရပါတယ်။

ယခုအခါ ရန်ကုန်မြို့ စည်ပင်သာယာရေးကော်မတီပိုင် ကြော်ငြာဆိုင်းဘုတ်များကိုသာ ရှင်းလင်းသောနေရာ၌ လိုအပ်သလောက် အမြင်တင့်တယ်အောင် စနစ်တကျ စိုက်ထူထားပြီး နှစ်စဉ် မဲစနစ်ဖြင့် ပွင့်လင်းမြင်သာစွာ ငှားရမ်းပေးခဲ့ပါတယ်။

သို့ဖြစ်ပါ၍ မီးပွိုင့်များကို အရည်အသွေး အာမခံချက်အဖြစ် ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ တင်ဒါစနစ်ဖြင့် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုရန်၊ ထိုတင်ဒါလုပ်ငန်းအတွက် နိုင်ငံတော်မှ ဘဏ္ဍာငွေပေး ချေရခြင်း သက်သာစေရန် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် မီးပွိုင့်ဧရိယာတွင် ကြော်ငြာဆိုင်းဘုတ်များ စိုက်ထူခွင့်ပြုသည့်လုပ်ငန်းကိုပါ ပူးတွဲလုပ်ကိုင်ခွင့်ပြုရန်နှင့် ပတ်သက်၍ ခွင့်ပြုနိုင်ခြင်း မရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တင်ပြခဲ့တဲ့ မြေကွက်နဲ့ပတ်သက်ပြီးတော့ ကျွန်တော် ကိုယ်တိုင် ကွင်းဆင်းစစ်ဆေး ချိန်မှာ ကျွန်တော်ဟာ ဌာနဆိုင်ရာမှာ ဆောင်ရွက်ခဲ့တဲ့အတွက်ကြောင့် ဌာနဆိုင်ရာများကို လေးစားတဲ့ အနေနဲ့ ခရိုင်နဲ့တိုင်းမှာ သစ်တောဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များကို ဒီမြေနေရာနဲ့ ပတ်သက် ပြီးတော့ မှားယွင်းစွာ ဆောင်ရွက်မိမှာ စိုးတဲ့အတွက်ကြောင့် မည်သို့ဆောင်ရွက်ထားကြောင်း ကျွန်တော်ကိုယ်တိုင် ဖုန်းဖြင့် ဆက်သွယ်မေးပါတယ်။ ကျွန်တော် သိသလောက်က သူတို့မြေနေရာ ရှိတာတောင် သူတို့မသိတဲ့ ကျွန်တော်တို့ ဆင်းကြည့်ပါဦးမယ်၊ ဘယ်နေရာမှာလည်းလို့ ကျွန်တော့်ကို ပြန်မေးချက်ဟာ စိတ်ထဲမှာ များစွာခံစားရပါတယ်။ သစ်တောဦးစီးဌာနဟာ အမည်ခံရုံလောက်သာ ဒီဟာယူထားတယ် ဆိုတဲ့ အချက်နဲ့ ကျွန်တော်မေးတဲ့နေ့ရဲ့ နောက်တစ်နေ့မှာပဲ ဘာမှမရှိတဲ့ အရင် စိုက်ပျိုးကာစရှိတဲ့ သစ်ပင် တချို့တော့ ရှိတာ မှန်ပါတယ်။

အဲဒီမေးတဲ့နေ့ တိုင်းဒေသကြီးအစိုးရကို ဒေသခံများကနေတင်ပြတဲ့နေ့မှာပဲ ပျိုးပင် အပင် (၁၀၀) လာချပါတယ်။ လာချတာကို ဘယ်သူမှ မသိလိုက်ဘဲ ဒေသခံများ ဒီပန်းဥယျာဉ်ကိစ္စကို ပေါ်ပေါက်တိုင်း သူတို့ကို ပြောပါလို့ မိဘတွေက တင်ပြထားသော်လည်းပဲ မည်သူမှ မသိရဘဲ ပျိုးပင် အပင်(၁၀၀)လာချရင်းနဲ့ နောင်ဘယ်တော့မှ ကြားထဲမှာ လာတာလည်း မတွေ့ရတဲ့အတွက် လာမယ် ဆိုရင် ကျွန်တော်ကိုယ်တိုင်စောင့်နေပါရစေလို့ မေတ္တာရပ်ခံသော်လည်း လာရောက်ခြင်း မရှိတော့ ကြောင်း ကျွန်တော် ခုထိ မတွေ့ရတော့ကြောင်း ဒါလေးလည်း အဖြစ်မှန်လေး သိစေချင်လို့၊ လျာထားတာ ပန်းဥယျာဉ်အဖြစ်လည်း နှစ်(၂၀)ကျော်ခဲ့ပြီ။ အခုမှ ပန်းဥယျာဉ် ကျွန်တော်တို့ မေးတော့မှ လုပ်တော့မယ်ဆိုတာ သင့်/မသင့် ပြန်စဥ်းစားပေးပါ။ ပျိုးဥယျာဥ်ဌာနကလည်း ကိုယ်ဘာမှ မလုပ်ရင် ပြည်သူအတွက် ဒီလောက် အကျိုးထူးမယ့် ကိစ္စကို ဘာကြောင့် ဘာမှမလုပ်တာကို မပေးနိုင်တာပါလဲ။

နောက်တစ်ခုက ကျွန်တော်တို့ မင်္ဂလာဒုံဒေသမှာ မြေလွတ် မြေကွက်တွေ မြောက်မြားစွာ ရှိပါတယ်။ ပုဂ္ဂလိကကို ပေးတာလည်း ကုန်ပါတော့မယ်။ ဒါလေးလည်း ထပ်ပြောပါရစေ။ မြို့တည်စဉ်က မြောက်မြားလှစွာသော မြေကွက်တွေ အများကြီးပါပဲ။ ကုန်ပါတော့မယ်။ ဒါကြောင့် ပြည်သူဟာ အရမ်းဝမ်းနည်းနေတယ်။ လေးထောင့်ကန်နားမှာ ကျန်းမာရေးဦးစီးဌာနကို ငွေကြေးရန်ပုံငွေနဲ့ ဖွဲ့စည်းပုံကြီးတစ်ခု ချပေးလိုက်တယ်။ ယနေ့ထိ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ဖွဲ့စည်းပုံအရ HA တစ်ယောက်နဲ့တကွ အဖွဲ့ရှိတယ်။ ကျန်းမာရေးငွေကျရဲ့နဲ့ ဆောက်ဖို့ နေရာမရှိတဲ့အတွက် ဒေသခံမိဘပြည်သူများကို ကျွန်တော် ကွင်းဆင်းဆောင်ရွက်စဉ်မှာ ပြောတာ အရမ်းဝမ်းနည်းစရာ ကောင်းပါတယ်။ မြေကွက်ကျယ်ကြီးတွေ မရှိတာမဟုတ်ပါဘူး ရှိပါတယ်။ ကျွန်တော်တို့ ဘယ်လိုပဲ ကြိုးစားပေမယ့် ပုဂ္ဂလိက ကသာ ရရသွားပါတယ်လို့ ဝမ်းနည်းစွာပြောတဲ့အတွက်ကြောင့် အခုအခါ သူတို့ဒေသက ကျန်းမာရေးဌာနကို လက်လွှတ်လိုက်ရပါတယ်။

တစ်ဆက်တည်းမှာပဲ ကျွန်တော်နေတဲ့ ပတ်ဝန်းကျင်မှာ မြေကွက်ကြီး(၆)ကွက်ရှိပါတယ်။ ပေ(၂၅၀)ပတ်ဝန်းကျင်လောက် အင်မတန်ကောင်းတဲ့ဟာပါ။ နောင်အခါ ရန်ကုန်မှာ ရှာမရမယ့် မြေကွက်မျိုးပါ။ ဒါပေမဲ့ ကျွန်တော်က ဒီနေရာတစ်ခုကို ကျွန်တော်တို့ လူမှုဝန်ထမ်းဝန်ကြီးကို ပြောပြီးတော့ မူကြိုကျောင်းတစ်ကျောင်းဆောက်ပေးပါ။ ဒီနေရာကိုတော့ မိုးလုံလေလုံ အားကစားရုံ ဆောက်ပေးပါ။ ဒီနေရာကိုတော့ ကျွန်တော်တို့ အားကစားကွင်းလုပ်ပေးပါလို့ စသည်ဖြင့် (၆)ကွက် စလုံးကို လွန်ခဲ့သော (၃)နှစ်ကျော် ကာလကတည်းက မြို့တော်စည်ပင်ရန်ကုန် အုပ်ချုပ်ရေး တာဝန်ရှိ ပုဂ္ဂိုလ်အဆင့်ဆင့်တို့ အလေးအနက်တင်ပြတယ်။ ကိုယ်တိုင်ပြောတယ်၊ စာနဲ့တင်တယ်၊ မိဘပြည်သူတွေ လက်မှတ်ထိုးတင်တယ်၊ မျိုးစုံလုပ်ခဲ့တယ်။

ဒါပေမဲ့ (၂)ကွက်ကို ဒီနေ့ထိ ချပြီးပြီ။ (၄)ကွက်ထဲမှာပဲ မူကြိုကျောင်းဆောက်မယ့် နေရာကို အခုအခါ နိုင်ငံခြားသား ကုလားအမည်နဲ့ ခြံခတ်ခွင့်၊ အုတ်နံရံခတ်ခွင့်တွေ ပြုထားပြီးတော့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်က ကွင်းဆင်းစစ်ဆေးစဉ်မှာလည်း ဒီဖြစ်ရပ်တွေ မြင်တွေ့ခဲ့တာဖြစ်ပါတယ်။ ဒီလို ဦးအောင်ယူပြီးတော့ ပြည်သူကိုပေးရမယ့် အခွင့်အလမ်းအစား ကျွန်တော်တို့ ပုဂ္ဂလိကကို တောက်လျှောက်ပေးနေတဲ့စနစ်က တော်လောက်ပါပြီလို့ ကျွန်တော်ကတော့ ပြည်သူ့ကိုယ်စားပြောလိုပါတယ်။

ဒါကြောင့် ကျန်တဲ့ ပုလဲ(၃)မှာ ရှိတဲ့ မြေကွက်(၄)ကွက်ဟာလည်းပဲ ဘာပဲပြောပြော ပြည်သူက ရိုးသားစွာနဲ့ အများပြည်သူများအတွက် ပေးပါ ပေးပါ ပေးပါနဲ့ တစာစာ တောင်းခံနေခြင်းကို လျစ်လျူရှုခြင်းသည် သင့်/မသင့်လို့ တာဝန်ရှိပုဂ္ဂိုလ်များ ပြန်စဉ်းစားရပါမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခုအခါမှာ မြေနေရာတွေ နိုင်ငံတော်မှာ ရှိပါလျက်နဲ့ သေးသည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ နေစရာမရှိတဲ့သူရဲ့ ကံကြမ္မာကို မစဉ်းစားဘဲနဲ့ ဒီလိုသာ ပုဂ္ဂလိကကိုပေးခြင်း၊ ဌာနဆိုင်ရာတစ်ခုခုကိုပြ၍ ထိန်းထားခြင်းဆိုရင် ကျူးကျော်တဲ့ကိစ္စကို ဘယ်လိုနည်းနဲ့မှ ဖြေရှင်းနိုင်မယ့် အဖြေမရှိဘူးလို့ ကျွန်တော်တင်ပြပါရစေ။

ဒါကြောင့် မ်ဂလာဒုံမှာ အထူးသဖြင့် ကျွန်တော့် ပတ်ဝန်းကျင်နဲ့တကွ ရွှေနံ့သာစံပြဟာ ရိုးသားစွာနဲ့ ဒီမြေကို တစ်ယောက်မှ မဝယ်ရဘူး ဆိုပြီးတော့ တစ်ရပ်ကွက်လုံးက ဗိုလ်ချုပ်ကြီးတင်ဦး ပေးခဲ့တဲ့ လက်ဆောင်ကို ထိန်းထားတာ။ ဒီမှာ တိုက်တွေအဆင့်မြင့်တွေအများကြီးပေါင်းလိုက်ရင် ဒီမှာ ရှိတဲ့လူရော၊ တခြားလူရော အများကြီးနေခွင့်ရမယ်ဆိုတဲ့ ကြီးမားတဲ့ မျှော်လင့်ချက်နဲ့ နိုင်ငံတော်က

ဘတ်ဂျက်မရှိရင်တောင်မှ ကျွန်တော်တို့ ပုဂ္ဂလိက လုပ်ငန်းတွေနဲ့ ပေါင်းရင် ပြည်သူအတွက် ဘယ်လောက်အကျိုးရှိမလဲဆိုတဲ့ အချက်တစ်ချက်ကို မျှော်လင့်ရင်းနဲ့ တောင်းခံတဲ့ ရိုးသားတဲ့ ပြည်သူ့ တောင်းခံချက်တွေဖြစ်တဲ့အတွက် ရန်ကုန်မှာ ကျူးကျော်မှုများကို ဘယ်လို ပုံစံမျိုးနဲ့ ဖြေရှင်းဖို့များ စီစဉ် နေပါသလဲ။ ဒီလိုနေရာကျဉ်းကျဉ်းဖြစ်တဲ့ မြို့တစ်နယ်ထဲမှာရှိတဲ့ ဖြေရှင်းနည်းပြတာတောင် လက်မခံ နိုင်ရင် ဘယ်လိုဖြေရှင်းသွားမယ့်အဆင့်ဟာ ပြည်သူများရဲ့ ရင်ထဲမှာရှိနေတာဖြစ်တဲ့အတွက် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ကျွန်တော့်၏ မေးမြန်းချက်ပေါ်မှာ အလေးအနက် ပြန်လည်စဉ်းစားပေးပါလို့ မေတ္တာရပ်ခံရင်းနဲ့ တင်ပြချက်ကို နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါ သော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ရန်ကုန်မြို့ရဲ့ မီးပွိုင့်နဲ့ ပတ်သက်လို့ ဒီလွှတ်တော်မှာ မေးမြန်း တော့မှပဲ ဒီအစိုးရက မီးပွိုင့်နဲ့ပတ်သက်လို့ လုပ်ငန်းကြီး စီမံကိန်းကြီးချထားကြောင်း ဖြေပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုမီးပွိုင့်နဲ့ပတ်သက်တဲ့ ချို့ယွင်းချက်အားနည်းချက်တွေကို ယခင်တပ်မတော်အစိုးရ လက်ထက်မှာလည်း လုပ်ဖူးပါတယ်။ အဲဒီကတော့ ကျွန်တော်တို့ မီးပွိုင့်ဧရိယာတွေမှာ လျှပ်စစ် ဓာတ်အား ပြဿနာတွေ အကြီးအကျယ်ဖြစ်တဲ့အတွက် ဆိုလာစနစ်နဲ့ ဒီဆိုလာပြားကြီးတွေအပေါ်မှာ တိုင်ကြီးတွေထူပြီးထောင်ထား။ အောက်မှာ ကွန်ကရစ်အဆောက်အအုံ ဆောက်ပြီးလို့ရှိရင် UPS တွေ တပ်တာပါ။ အဓိကက အဲဒီစီမံကိန်းကတော့ တပ်မတော်အစိုးရမှာလည်း လုပ်ဖူးပါတယ်။ လုပ်တဲ့ အခါမှာ ဘယ်သူတွေချမ်းသာသွားလည်းဆိုရင် ပစ္စည်းသွင်းတဲ့လူတွေ၊ ဆက်စပ်လူတွေအကုန် ချမ်းသာသွား ပါတယ်။

ဒါပေမဲ့ ဒီ မီးပွိုင့်တွေက ထုံးစံအတိုင်းသွားတော့ နောက်ပိတ်ဆုံး တိုင်နဲ့ အထဲမှာ ဟောင်းလောင်းပဲ ကျန်ခဲ့ပါတယ်။ အဲဒီတော့ အစိုးရအဖွဲ့က စီမံကိန်းလုပ်တဲ့အလုပ်က လုပ်ပါတယ်။ ဘာမေးမေး မေးလိုက်ရင် စီမံကိန်းရှိပါတယ်။ လုပ်တော့မယ်လို့ပြောပေမယ့် နောက်ဆုံးတော့လည်း ဒီကိန်းကို ဒီဟာကို ရောက်တာပါပဲ။ အခုလည်း ကျွန်တော်မေးတော့မှ ဒီဟာကြီး ဘီလီယံ ဘယ်လောက် သုံးပြီးတော့ ဘယ်လိုစီမံကိန်းချတယ်လို့ ပြောတာပါ။ ကျွန်တော်ကတော့ ဒီ အစိုးရက လွှတ်တော်မှာ မေးတော့မှ ငွေဘယ်လောက်သုံးပြီး၊ ဘာစီမံကိန်းလုပ်တာမျိုးထက်စာရင် ကျွန်တော်ကတော့ အဲဒီ တိုင်းပြည်ဘဏ္ဍာကိုလည်း အစိုးရက မသုံးစေချင်တော့ပါဘူး။

အဲဒီတော့ တိုင်းပြည်ဘဏ္ဍာ မသုံးဘဲနဲ့ လုပ်နိုင်တဲ့လုပ်ငန်းတွေ အစီအစဉ်တွေကို တင်ပြ တာပါ။ နောက် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါ ကျွန်တော်က လျှပ်စစ် သမားတစ်ယောက်မို့ ပြောတာပါ။ ဒီပစ္စည်းတွေက တပ်ပြီးရင်ပစ်ထားလို့ မရပါဘူး။ အမြဲတာဝန်ယူတဲ့သူက အချိန်ပြည့် စောင့်ရှောက် နေရတဲ့လူပါ။ ဒါတွေဟာ အစိုးရထက် ပုဂ္ဂလိကတွေသာ လုပ်ကိုင်ခွင့် သင့်တဲ့ အခြေအနေပါ။ ဒါကြောင့် ဒီဟာကို ပုဂ္ဂလိကကို လုပ်ကိုင်ခွင့်ပြုဖို့မေးတာပါ။ အစိုးရပဲ လုပ်မယ်ဆိုလို့ ရှိရင်တော့ ကျွန်တော်တို့ အရင်ဘူတာလိုပဲ၊ အရင်ဘူတာပဲ ဆိုက်မယ်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဒုတိယဝန်ကြီးက နောက်ဆက်တွဲ မေးခွန်းများနဲ့ ပတ်သက်ပြီးတော့ အခု ဖြေရင်လည်း ဖြေပါ။ မဖြေနိုင်ရင်လည်း ရန်ကုန်တိုင်းအစိုးရအဖွဲ့နဲ့ ပြန်မေးပြီးတော့ စာနဲ့ပြန်ဖြေပါ။ နောက်တစ်ခုကတော့ ဦးသော်ဇင်ဦးရဲ့မေးခွန်းဖြစ်တဲ့ ပခုက္ကူမြို့နယ်၊ ကမ္ဘကျေးရွာအုပ်စု၊ လမ္ဘတော် ကျေးရွာတွင် ကျန်းမာရေးနဲ့ ညီညွတ်သော သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်း(၁)တွင်း

တူးဖော်ပေးရန်၊ (၁)တွင်းထဲ သနားပါတယ်။ ရေငန်တွေ သောက်နေရတယ်။ တွင်းတိမ်တွေနဲ့၊ အဲဒီတော့ မွေးမြူရေး ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးကလည်း ပြောမနေနဲ့။ အဲဒီဝန်ကြီးဌာနက မွေး/ရေ/ကျေးလက်ဝန်ကြီးဌာနကနေပြီးတော့ (၁)တွင်းကို ဆောင်ရွက်ပေးလိုက်ပါ။ မေတ္တာရပ်ခံပါတယ်။

**ဦးတင်ငွေ(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)**။ ။ မြို့ဖြစ်သွားတာ။ အခုကစပ်ကူးမပ်ကူးမြို့ဖြစ်တော့ အရင်တုန်းက ကျေးလက်ဆိုရင် ကျေးလက်ထဲ ကျွန်တော်တို့ တစ်ခါတည်း ထည့်ပစ်လိုက်တာ၊ ဥပမာ ဘုရားကြီးဆိုရင် ကျွန်တော်တို့ ထည့်ပြီးတော့ ဆွဲပေးလိုက်တယ်။ သူကလည်း ကြားကာလ ဖြစ်နေပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခုဟာက မြို့မဟုတ်ဘူးလေ၊ မြို့နယ်ထဲက လမ္ဘတော်ကျေးရွာ။ ကျေးရွာ ကျေးရွာ။ နော်။ ကမ္ဘကျေးရွာအုပ်စု၊ လမ္ဘတော်ကျေးရွာ။ လုပ်ပါအုံး။

**ဦးတင်ငွေ(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)**။ ။ အဲဒါဆိုရင်တော့ ကျွန်တော်တို့ အဲ့ဒါဖြစ်ရင်တော့ ထည့်လိုက်ပါမယ်။ ကြည့်ပြီးတော့ ဟုတ်ကဲ့။

**မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ် အတွင်းရှိ အင်တောကျေးရွာအုပ်စု၊ အင်တော - ယာကြီးပြင် လမ်းအား အဆင့်မြှင့်တင် ဖောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ**။ ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း က မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ် အတွင်းရှိ အင်တောကျေးရွာအုပ်စု၊ အင်တော-ယာကြီးပြင် လမ်းအား အဆင့်မြှင့်တင်ဖောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၀။**

**ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်း မြို့နယ်အတွင်းရှိ အင်တောကျေးရွာအုပ်စု၊ အင်တော-ယာကြီးပြင်လမ်းအား အဆင့်မြှင့်တင် ဖောက်လုပ် ပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ အင်တောကျေးရွာအုပ်စု၊ အင်တောကျေးရွာ အင်တော-ယာကြီးပြင်လမ်းဟာ (၂၃)မိုင်(၁)ဖာလုံရှိပြီးတော့ လက်ရှိလမ်းအခြေအနေမှာ (၁၂)ပေအကျယ်တစ်ကြောင်းထိုး မြေသားလမ်းအဆင့်ဖြစ်ပါတယ်။ အင်တောကျေးရွာဟာ ရေနံချောင်းမြို့နယ်နဲ့ နတ်မောက်မြို့နယ် နယ်စပ်ရှိကျေးရွာအုပ်စုဖြစ်ပြီးတော့ အဆိုပါရွာမှာ ကျေးလက်နေပြည်သူများ ကျန်းမာရေးအားထားရာ တိုက်နယ်ဆေးရုံနဲ့ အထက်တန်းကျောင်း(ခွဲ)၊ ပြည်သူ့ရဲစခန်း စသည်တို့ ဖွင့်လှစ်ထားပါတယ်။ တိုက်နယ်ဆေးရုံရှိတဲ့အတွက် ရေနံချောင်းမြို့ရဲ့ အရှေ့ဘက်မှာရှိတဲ့ မြို့နဲ့

လက်လှမ်းမမီတဲ့ ကျေးရွာအုပ်စုများမှ ကျေးလက်ဒေသပြည်သူများရဲ့အဓိက ကျန်းမာရေး အားကိုး အားထားပြုရာ ဆေးကုသရာနေရာလည်းဖြစ်ပါတယ်။

ဒါ့အပြင် အင်တောကျေးရွာအုပ်စု၊ မကြီးကန်ကျေးရွာအုပ်စု၊ ကုက္ကိုခွကျေးရွာအုပ်စု၊ ကွဲပုတ်အုပ်စု၊ အုတ်ရှစ်ကုန်းကျေးရွာအုပ်စု ကျေးရွာများမှ ကျေးလက်နေပြည်သူများဟာ အဆိုပါလမ်းကို မှီခိုအသုံး ပြုပြီးတော့မှ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စအဝဝကို ရေနံချောင်းမြို့နဲ့ ဆက်သွယ် ကူးလူးသွားလာနေကြရပါတယ်။ အင်တော-ယာကြီးပြင်လမ်းကို အဆင့်မြှင့်တင်ဖောက်လုပ် ပေးခြင်းဖြင့် အိမ်ခြေပေါင်း(၂၆၅၃၀)အိမ်၊ လူဦးရေပေါင်း(၁၂၆၂၉၀) ဦးတို့ကို အကျိုးပြုစေမှာလည်း ဖြစ်ပါတယ်။ အဆိုပါ အင်တော-ယာကြီးပြင်လမ်းကို အမှန်တကယ် အဆင့်မြှင့်တင်ဖောက်လုပ်ပေးရန် လိုအပ်နေပါ၍ ပထမအဆင့် မြေသားလမ်း မြေနီကျောက်ရောမြေခင်းလမ်း ဖောက်လုပ်ပေးပြီးတော့ကာ ဒုတိယအဆင့် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဖောက်လုပ်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

သို့ပါ၍ ကျေးလက်ဒေသနေပြည်သူများရဲ့ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုကိစ္စ အဝဝအား ရေနံချောင်းမြို့နဲ့ အလွယ်တကူ ဆက်သွယ်သွားလာဆောင်ရွက်နိုင်ရန် အလို့ငှာ ဒေသခံ ကျေးလက်ဒေသနေ ပြည်သူများကိုယ်စား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါ မေးခွန်း များအား မေးမြန်းအပ်ပါတယ်။ (၁) မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်အတွင်းရှိ အမှန်တကယ် ဖောက်လုပ်ပေးရန် လိုအပ်လျက်ရှိတဲ့ အင်တော-ယာကြီးပြင်လမ်းအား ပထမအဆင့် မြေသားလမ်း (မြေနီကျောက်ရောမြေခင်းလမ်း) ဖောက်လုပ်ပေးပြီးတော့ကာ ဒုတိယအဆင့် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဖောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ။ (၂) ရှိပါက မည်သည့်အချိန်၊ မည်သည့်ဘဏ္ဍာနှစ်တွင် ဖောက်လုပ်ပေးမည်။ (၃) မရှိပါက မည်သည့်အတွက်ကြောင့် ဖောက်လုပ်ပေးနိုင်ခြင်းမရှိသည်တို့ကို ဒေသခံပြည်သူများကိုယ်စား မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက် ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၅။**

**ဦးတင်ငွေ(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန)** ။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်း ဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော် မွေးမြူရေးနှင့် ရေလုပ်ငန်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီး ဦးတင်ငွေ မှ မကွေးတိုင်းဒေသကြီး အမှတ်(၂)မဲဆန္ဒနယ်မြေ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ငြိမ်း ၏ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီး ပြန်လည်ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ် ခင်ဗျား။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးအောင်ငြိမ်း မှ ယခုလို ကျေးလက်ဒေသ ဖွံ့ဖြိုးရေး အတွက် စိတ်ပါဝင်စားစွာဖြင့် ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးပြီး မေးမြန်းပြီးတော့ ယခုလို

မေးမြန်းတဲ့အတွက် အထူးပင်ကျေးဇူးတင်ကြောင်း ဦးစွာပထမ တင်ပြလိုပါတယ် ခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ အင်တောကျေးရွာအုပ်စု၊ အင်တော-ယာကြီးပြင်လမ်းဟာ အရှည်အားဖြင့် (၂၃)မိုင်နဲ့ (၅)ဖာလုံ ရှိပါတယ်ခင်ဗျား။ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီးမှာ ယခုနှစ် ၂၀၁၅-၂၀၁၆ မှာ ရန်ပုံငွေအားဖြင့် (၁၁.၈၇၆)ဘီလီယံကျပ် လမ်းတံတားအတွက် ခွင့်ပြုခဲ့ပါတယ်။ ကတ္တရာလမ်း(၁၀)မိုင်နဲ့ (၃)ဖာလုံ၊ ကျောက်ချောလမ်း(၁၁၂)မိုင်(၅)ဖာလုံ၊ မြေသားလမ်း မိုင် (၁၄၀)နဲ့(၂)ဖာလုံ၊ သစ်သားတံတား ရေပြွန် ပေအရှည်(၂၃၀၀)၊ ကွန်ကရစ်ရေကျော်(၄၃၅၀)ပေ၊ Box Culvert ရေပြွန် (၃၂၁)ပေတို့ကို ဆောင်ရွက် ခွင့်ပြုထားပြီးလည်း ဖြစ်ပါတယ်။

ကျွန်တော်တို့ရေနံချောင်းမြို့နယ်အတွင်းမှာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေအားဖြင့် (၂.၁)သန်း မြေကာနံရံ(၃)ခု တည်ဆောက်ဖို့ ခွင့်ပြုထားသလို အစောက ကျွန်တော်တို့ ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့ ဒီအင်တော ကျေးရွာအုပ်စု၊ အင်တော-ယာကြီးပြင်လမ်းမှာ (၂၃)မိုင် (၅)ဖာလုံ အနက်ကနေပြီးတော့ (၄)မိုင်ကတော့ ၂၀၁၃-၂၀၁၄ မှာ ကတ္တရာလမ်း(၄)ဖာလုံ ဆောင်ရွက်ပြီးဖြစ်ပါတယ်။ နောက် ၂၀၁၅-၂၀၁၆ ယခု ဘဏ္ဍာရေးနှစ်မှာတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့က ရန်ပုံငွေနဲ့ (၈၇.၇၆)သန်းဖြင့် သစ်ဖြူပြင်နှင့် ကျွဲပုတ်ကြားလမ်းအပိုင်း ခုနက တင်ပြပါ (၂၃)မိုင်(၅)ဖာလုံထဲကနေ (၄)ဖာလုံနုတ်ပြီးကျန်တဲ့ (၂၃)မိုင် (၁)ဖာလုံထဲက ကျွန်တော်တို့ မြေသားလမ်း(၈)မိုင်ကို အဆင့်မြှင့်ဆောင်ရွက်ဖို့ (၈၇.၇၆)သန်း ကျွန်တော်တို့ သစ်ဖြူပြင်နှင့် ကျွဲပုတ်ပင်ကြား အဲဒီရွာနှစ်ရွာကြားမှာ ကျွန်တော်တို့ ယခုနှစ် ခွင့်ပြုထားတာ ဖြစ်ပါတယ်။ ကျန်တဲ့လမ်းအရှည်ကတော့ (၁၅)မိုင် နဲ့ (၁)ဖာလုံဖြစ်ပါတယ်။ အဲဒီ (၁၅)မိုင်နဲ့(၁)ဖာလုံကို ခုနက တင်ပြသလို မြေသားလမ်းအနေနဲ့ ပြန်လည်ပြုပြင်မယ်။ မြေနီလမ်း ခင်းမယ်ဆိုရင် (၂၁၁.၈၇)သန်း ကုန်ကျမယ်လို့ ခန့်မှန်းရရှိပါတယ် ခင်ဗျား။

အဲဒါကြောင့်မို့ ကျွန်တော်တို့ ဒီအမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ ရေနံချောင်းမြို့နယ် အင်တောကျေးရွာအုပ်စု၊ အင်တော-ယာကြီးပြင်လမ်းမှာ ကျန်တဲ့ အပိုင်း(၁၅)မိုင် (၁)ဖာလုံကိုတော့ လာမယ့် ဒီနှစ်မှာ၊ ၂၀၁၅-၂၀၁၆ မှာ ထည့်ထားခြင်းမရှိဘဲနဲ့ လာမယ့်နှစ်တွေမှာ တန်းစီပြီးတော့ ထည့်သွားမှာဖြစ်ကြောင်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ရှေးဟောင်း ဝတ္ထုပစ္စည်းများ ကာကွယ် ထိန်းသိမ်းရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့ လာခြင်းအား အသိပေး တင်ပြခြင်း**

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန်ပေးပို့လာသော ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းကို ၂၆-၅-၂၀၁၅ ရက်နေ့တွင် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အဆိုတင်သွင်းပြီး ၉-၆-၂၀၁၅ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာပါ

တယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ရှေးဟောင်း ဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ယနေ့ အစည်းအဝေး ပြီးဆုံးပြီးနောက် ညနေ ၄ နာရီထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ရှေးဟောင်း အဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းအား အသိပေး တင်ပြခြင်း**

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော ရှေးဟောင်း အဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းကို ၂၈-၅-၂၀၁၅ ရက်နေ့တွင် ယဉ်ကျေးမှု ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က အဆိုတင်သွင်းပြီး ၉-၆-၂၀၁၅ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည် ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ရှေးဟောင်းအဆောက်အအုံ များ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့ လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ် ရေးထိုးပြီး ယနေ့ အစည်းအဝေးပြီးဆုံးပြီးနောက် ညနေ ၄ နာရီ ထက် နောက်မကျဘဲ အမျိုးသား လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၀း၅၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၀၅ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၀၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၁၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည် ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို အမျိုးသား လွှတ်တော်သို့ အသိပေး တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ပြင်ဆင်လိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည် ပြုရန် လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။

ပြည်သူ့လွှတ်တော်၏ ခေါင်းစဉ် ပြင်ဆင်ချက် -

ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ

(၂၀၁၅ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ်။)

၁၃၇၇ ခုနှစ်၊ လ ရက်

(၂၀၁၅ ခုနှစ်၊ လ၊ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၂(က) (ဃ) (ဇ) (ဈ) (ည) (ပ) (ထ)

၂။ (က) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုသည်မှာ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သည့် အစီအစဉ်များကို အများပြည်သူက တိုက်ရိုက်ဖမ်းယူ ရရှိနိုင်စေရေးအတွက် မြေပြင်အခြေစိုက် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်စက်များ၊ မြေပေါ်မြေအောက် ဆက်ကြောင်းကြိုးများ၊ ဂြိုဟ်တုများမှ တစ်ဆင့် ထုတ်လွှင့်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် အင်တာနက်မှတစ်ဆင့် ထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်မှုများ အကျုံးဝင်ခြင်း မရှိစေရ။

(ဃ) အများပြည်သူဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းဆိုသည်မှာ အကြောင်းအရာ ကျယ်ပြန့်များပြားခြင်း၊ အမျိုးအစား စုံလင်ခြင်း၊ လွတ်လပ်၍ အမှီအခို ကင်းရှင်းခြင်းစသည့် အများ ပြည်သူဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း လုပ်ငန်းဆိုင်ရာ အခြေခံမူများကို လိုက်နာဖော်ဆောင်သည့် လုပ်ငန်းကို ဆိုသည်။

(ဇ) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း အစီအစဉ် ဖြန့်ဖြူးရေး ဝန်ဆောင်မှုလုပ်ငန်းဆိုသည်မှာ ထုတ်လွှင့်သူကိုယ်တိုင် သို့မဟုတ် အခြားရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှု လုပ်ငန်းများက မြေပြင်အခြေစိုက် ရုပ်မြင်သံကြားနှင့် ရေဒီယိုထုတ်လွှင့် စက်များမှဖြစ်စေ၊ မြေပေါ် မြေအောက်ဆက်ကြောင်း ကြိုးများမှဖြစ်စေ၊ ဂြိုဟ်တုများမှဖြစ်စေ၊ တစ်ဆင့်ထုတ်လွှင့်သည့် ရေဒီယို၊ရုပ်မြင်သံကြားနှင့် ကဏ္ဍစုံမီဒီယာ အစီအစဉ်များကို ကြည့်ရှုသူများထံ ဖြန့်ဖြူးပေးသည့် လိုင်စင်ခွင့်ပြုချက်ရ လုပ်ငန်းကိုဆိုသည်။

(ဈ) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း လိုင်းနှုန်းစဥ် စီမံခန့်ခွဲမှုဆိုသည်မှာ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနက ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း လုပ်ငန်းများတွင် အသုံးပြုရန်သတ်မှတ်သော လိုင်းနှုန်းစဥ်ကို အဖွဲ့က စီမံခန့်ခွဲခြင်းကို ဆိုသည်။

(ည) လိုင်စင်ဆိုသည်မှာ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှု လုပ်ငန်း လိုင်စင်ကို ဆိုသည်။

(ဎ) မူရင်းရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းပြုသူ ဆိုသည်မှာ မူရင်းအစီအစဥ်များကို ထုတ်လွှင့်သည့် အများပြည်သူ ဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့် အသံ ထုတ်လွှင့်ခြင်း လုပ်ငန်းကို ဆိုသည်။

(ဏ) ဝန်ကြီးဌာန ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ ပြန်ကြားရေးဝန်ကြီးဌာနကို ဆိုသည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂(က)(ဃ)(ဇ)(ဈ)(ည)(ဎ)(ဏ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂ (က)(ဃ)(ဇ)(ဈ)(ည)(ဎ)(ဏ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၃(ခ)(ဂ)

၃။ (ခ) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှု လုပ်ငန်းများနှင့် အစီအစဥ် အကြောင်းအရာများကို အများပြည်သူက ပိုမိုအသုံးပြု နိုင်စေရန် ။

(ဂ) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှု လုပ်ငန်းများ၏ အရည်အသွေး ပြည့်မီစေရန်နှင့် ပြည်သူများအတွက် သတင်းအချက်အလက် ပြန်ကြားရေး၊ ပညာပေးရေးနှင့် ဖျော်ဖြေရေးဆိုင်ရာ လိုအပ်ချက်များကို အရည်အသွေးကောင်းသည့် စံချိန်မီရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်မှုဖြင့် ဖြည့်ဆည်းပေးရာတွင် အများပါဝင်ဆောင်ရွက်နိုင်သည့် စနစ်တစ်ခုကို ပံ့ပိုးပေးရန်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃(ခ)(ဂ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃(ခ)(ဂ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ဖြည့်စွက်ချက် -

အပိုဒ် ၆(က) (ခ)(ဂ)(ဃ)(င)(စ)

၆။ (က) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ စီမံချက်နှင့် မူဝါဒများကို ကောင်စီနှင့် ညှိနှိုင်းရေးဆွဲချမှတ်ခြင်း၊

(ခ) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း လိုင်းနှုန်းစဉ် စီမံခန့်ခွဲခြင်းဆိုင်ရာ စီမံချက်ကို ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနနှင့် ညှိနှိုင်းရေးဆွဲ ထုတ်ပြန်ခြင်း၊

(ဂ) နိုင်ငံတော်အတွင်း ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းအတွက် အသုံးပြုမည့် နှစ်စဉ်လိုင်းနှုန်းစဉ် ခွဲဝေမှုစီမံချက်ကို အများပြည်သူသို့ ထုတ်ပြန် ကြေညာခြင်း၊

(ဃ) လွတ်လပ်ပြီး ပြိုင်ဆိုင်မှုရှိသည့် ဈေးကွက် တစ်ခု ဖန်တီးရာတွင် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်မည့် မူဝါဒရေးဆွဲ ချမှတ်ခြင်း၊

(င) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်မှု နည်းပညာနှင့် လုပ်ငန်းဆိုင်ရာ ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ဖြန့်ချီရောင်းချခြင်းတို့နှင့် သက်ဆိုင်သည့် နည်းပညာဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များကို ဆောင်ရွက်ခြင်းဟု ပြင်ဆင်ထားပါတယ်။

(စ) ရုပ်မြင်သံကြားနှင့် အသံဖမ်းယူခြင်းဆိုင်ရာ ဂြိုဟ်တုစလောင်းများ၊ ဂြိုဟ်တု ရုပ်မြင်သံကြားဖမ်းစက်များ၊ ယင်းတို့နှင့်ဆက်စပ်သည့် ပစ္စည်းများထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ တင်ပို့ခြင်းတို့နှင့် သက်ဆိုင်သည့် လုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ခြင်းဟု ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၆(က)(ခ)(ဂ) (ဃ)(င)(စ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၆(က)(ခ)(ဂ)(ဃ)(င)(စ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ဖြည့်စွက်ချက် -

အပိုဒ် ၇(က)(ဃ)၊ အပိုဒ် ၈(ခ)(ဂ)(င)၊ အပိုဒ် ၉၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄(ခ)(ဃ)(င) (ဋ)(ဍ)(ဎ)၊ အပိုဒ် ၁၅ ခြေဆင်း၊ အပိုဒ် ၁၅(င)(ဇ)၊ အပိုဒ် ၁၆ (က)(ခ)

၇။ (က) အသက်(၃၅)နှစ်ထက်မငယ် (၇၀)နှစ်ထက်မကြီးသူ ဟု ပြင်ဆင်ထားပါတယ်။

(ဃ) အောက်ပါ ပညာရပ်ဆိုင်ရာ တစ်ရပ်ရပ် ကျွမ်းကျင်သူ ဖြစ်ရမည် -

(၁) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း၊

(၂) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ၊

(၃) ဥပဒေပညာ၊

(၄) စီးပွားရေးပညာ၊

(၅) သုံးစွဲသူ ကာကွယ်ရေးနှင့် ပြည်သူ့ အခွင့်အရေး၊

(၆) ပညာရေး၊ ယဉ်ကျေးမှုနှင့်လူမှုဖွံ့ဖြိုးရေးဟု ဖြည့်စွက်ထားပါတယ်။

၈။ (ခ) အစိုးရက ဖွဲ့စည်းသည့် ကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့တွင် ပါဝင်သူ၊

(ဂ) မီဒီယာလုပ်ငန်းမှလစာ သို့မဟုတ် ငွေကြေးအကျိုးအမြတ် တစ်စုံတစ်ရာကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ရရှိနေသူ၊

(င) စိတ်ပေါ့သွပ်သည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်း ထားသည့်အတိုင်းသတ်မှတ်ခြင်း ခံရသူ။

၉။ ကောင်စီဝင်များအဖြစ် အမည်စာရင်း တင်သွင်းခြင်းနှင့် ရွေးချယ်ခန့်အပ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်သည် လွတ်လပ်ပြီး ပွင့်လင်းမြင်သာမှုရှိရမည်။ အဆိုပါ လုပ်ငန်းစဉ်တွင်ကျွမ်းကျင် အတတ်ပညာရှင်နှင့် လူမှုရေးအဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်ခြင်းကို အားပေးရမည်။

၁၃။ ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူး တို့ကို ကောင်စီဝင်များက လျှို့ဝှက်ဆန္ဒမဲ ပေး၍ ရွေးကောက်တင်မြှောက် ရမည်။

၁၄။ (ခ) လိုင်စင်လျှောက်ထားသူများအနက် စည်းမျဉ်းနှင့် ကိုက်ညီသင့်လျော်သူကို စိစစ်ခွင့်ပြုခြင်း၊

(ဃ) ဤဥပဒေပါပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ ကောင်စီမှထုတ်ပြန်ထားသည့်စည်းမျဉ်း စည်းကမ်းများကိုလည်းကောင်း ချိုးဖောက်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့် ခြင်း ဝန်ဆောင်မှုလုပ်ငန်းကို စီမံခန့်ခွဲမှုဆိုင်ရာနည်းလမ်းဖြင့် အရေးယူ ဆောင်ရွက် ခြင်း၊

(င) လိုင်စင်ပါ ပြဋ္ဌာန်းချက် တစ်ခုခုကို ချိုးဖောက်မှု အတွက် သက်ဆိုင်ရာတရားရုံးသို့ အယူခံဝင်နေသည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်း တစ်ခုကို သင့်တော်သည့်ကာလအထိ လိုင်စင်ခေတ္တဆိုင်းငံ့ခြင်း၊ လိုင်စင်သိမ်းယူခြင်း၊

(ဋ) ကောင်စီဝင်များ၏ တာဝန်များကို သတ်မှတ်ခြင်းဟု ပြင်ဆင်ထားပါတယ်။

(ဍ) နိုင်ငံတော်အတွင်း ဆောင်ရွက်ခွင့်ပြုမည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်း၊ အမျိုးအစားနှင့် နေရာဒေသများကိုလည်းကောင်း၊ လုပ်ကိုင် ခွင့်ပြုမည့် ပမာဏကို လည်းကောင်း သတ်မှတ်ခြင်း၊

(ပ) လိုင်စင်ထုတ်ပေးခြင်း၊ သက်တမ်းတိုးခြင်းနှင့် ရုပ်သိမ်းခြင်းဟု ဖြည့်စွက်ထားပါတယ်။

၁၅။ ကောင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(င) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှု လုပ်ငန်းတစ်ခုသည် ယင်း၏ လိုင်စင်ဆိုင်ရာ သတ်မှတ်ချက်များ၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ရုပ်မြင်သံကြား နှင့် အသံထုတ်လွှင့်ခြင်း လုပ်ငန်းဆိုင်ရာကျင့်ဝတ်များ၊ လုပ်ငန်းဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်များနှင့် အစီအစဉ် ဆိုင်ရာစံနှုန်း သတ်မှတ်ချက်များကို လေးစားလိုက်နာ ခြင်းမရှိဟု အများပြည်သူက တိုင်ကြားလာမှုများကို အရေးယူဖြေရှင်း ဆောင်ရွက် ခြင်း၊ သီးခြားတိုင်ကြားမှု မရှိသော်လည်း အဆိုပါ စည်းကမ်းသတ်မှတ်ချက်များကို လေးစား လိုက်နာမှုမရှိကြောင်း ကောင်စီက စစ်ဆေးတွေ့ရှိပါက အရေးယူ ဖြေရှင်း ဆောင်ရွက်ခြင်း၊

(ဇ) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဖွဲ့ အစည်း အသီးသီးနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ခြင်း။

၁၆။ (က) ကောင်စီ၏လုပ်ပိုင်ခွင့်များနှင့်လုပ်ငန်းတာဝန်များကို လွတ်လပ်ပြီးမျှတစွာ ဆောင်ရွက် ရမည်၊

(ခ) အများပြည်သူ အကျိုးစီးပွားအတွက် ရပ်တည်ရမည်ဖြစ်ပြီး မိမိအကျိုးစီးပွားအတွက် ဖြစ်စေ နိုင်ငံရေးပါတီ သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုအတွက်ဖြစ်စေ မိမိ၏လုပ်ပိုင် ခွင့်ကို အလွဲသုံးစား မပြုရဟု ပြင်ဆင် ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၇(က)(ဃ)၊ အပိုဒ် ၈(ခ)(ဂ)(င)၊ အပိုဒ် ၉၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄(ခ)(ဃ)(င)(ဌ) (ဍ)(ဎ)၊ အပိုဒ် ၁၅ခြေဆင်း၊ အပိုဒ် ၁၅(င)(ဇ)၊ အပိုဒ် ၁၆(က)(ခ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၇(က) (ဃ)၊ အပိုဒ် ၈(ခ)(ဂ)(င)၊ အပိုဒ် ၉၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄ (ခ)(ဃ)(င)(ဌ)(ဍ)(ဎ)၊ အပိုဒ် ၁၅ခြေဆင်း၊ အပိုဒ် ၁၅(င)(ဇ)၊ အပိုဒ် ၁၆ (က) (ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၁၇(က)၊ အပိုဒ် ၁၈(ခ)၊ အပိုဒ် ၁၉၊ အပိုဒ် ၂၁

၁၇။ (က) ကောင်စီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့် နေ့မှစ၍ ငါးနှစ် ဖြစ်သည်။

၁၈။ (ခ) မိမိအကျိုးစီးပွားအတွက်ဖြစ်စေ၊ နိုင်ငံရေးပါတီ သို့မဟုတ် အဖွဲ့အစည်း တစ်ခုခု အတွက်ဖြစ်စေ လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်း၊

၁၉။ ကောင်စီဝင်တစ်ဦးဦးသည် ရာထူးသက်တမ်း မကုန်ဆုံးမီ မိမိသဘော ဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်လိုလျှင် ထိုသို့ နုတ်ထွက်လိုကြောင်း နိုင်ငံတော်သမ္မတထံ စာဖြင့် တင်ပြပြီး ရာထူးမှ နုတ်ထွက်နိုင်သည်။

၂၁။ ရာထူးမှ နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှ ရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့် ဖြစ်စေ၊ အခြား အကြောင်းတစ်ခုခုကြောင့်ဖြစ်စေ ကောင်စီဝင် ရာထူးနေရာ လစ်လပ်လျှင် ကောင်စီဝင် အသစ်ခန့်အပ် တာဝန်ပေးခြင်းနှင့် စပ်လျဉ်း၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လစ်လပ်သည့် ရာထူး နေရာတွင် ဖြည့်စွက်ခန့်ထားနိုင်သည်။ ထိုသို့ ဖြည့်စွက် ခန့်ထားခြင်းခံရသည့် ပုဂ္ဂိုလ်၏ ရာထူးသက်တမ်းသည် မူလကောင်စီဝင်၏ ကျန်ရှိသည့် ရာထူးသက်တမ်းအတွက်သာ ဖြစ်စေရမည်။ မူလကောင်စီဝင်၏ ရာထူးသက်တမ်း အနည်းဆုံးခြောက်လ ကျန်ရှိမှသာ ဖြည့်စွက် ခန့်ထားရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၇(က)၊ အပိုဒ် ၁၈(ခ)၊ အပိုဒ် ၁၉၊ အပိုဒ် ၂၁ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၇(က)၊ အပိုဒ် ၁၈(ခ)၊ အပိုဒ် ၁၉၊ အပိုဒ် ၂၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ဖြည့်စွက်ချက် -

အပိုဒ် ၂၂(က)(ခ)(ဂ)(ဃ)၊ အပိုဒ် ၂၃၊ အပိုဒ် ၂၇(ခ)၊ အပိုဒ် ၂၈၊ အပိုဒ် ၃၀(ခ)

၂၂။ (က) လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် အစည်းအဝေးကို အနည်းဆုံး တစ်လတစ်ကြိမ် ကျင်းပရမည်။ အစည်းအဝေးကို ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်ဟု ပြင်ဆင်ထားပါတယ်။

(ခ) ဥက္ကဋ္ဌ မရှိလျှင် ဒုတိယဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင် အနည်းဆုံးသုံးဦးက တောင်းဆိုလျှင် အစည်းအဝေးကို ခေါ်ယူကျင်းပရမည် ဟု ဖြည့်စွက်ထားပါတယ်။

(ဂ) အစည်းအဝေးတွင် ဥက္ကဋ္ဌက သဘာပတိအဖြစ် ဆောင်ရွက်ရမည်။ ဥက္ကဋ္ဌ◻ဌ မရှိလျှင် ဒုတိယဥက္ကဋ္ဌက သဘာပတိအဖြစ် ဆောင်ရွက်ရမည်။ နှစ်ဦးစလုံး မရှိလျှင် တက်ရောက်လာသည့် အဖွဲ့ဝင်များမှ တစ်ဦးကို သဘာပတိအဖြစ် တင်မြှောက်ရမည်။

(ဃ) သဘာပတိ အပါအဝင် အစည်းအဝေးတက်ရောက်သူ ကောင်စီဝင် ငါးဦးရှိလျှင် အစည်းအဝေး အထမြောက်သည်။

၂၃။ ကောင်စီသည် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို တက်ရောက်လာသည့် အဖွဲ့ဝင်များ၏ ဆန္ဒမဲပေါ်တွင် အခြေခံ၍ ဆုံးဖြတ်ရမည်။ ဆန္ဒမဲအရေအတွက် တူညီနေပါက သဘာပတိ၏ မဲဖြင့် ဆုံးဖြတ်ရမည်။

၂၇။ (ခ) စေတနာအလျောက် လှူဒါန်းငွေများ၊

၂၈။ ကောင်စီ၏နှစ်စဉ် အရအသုံးခန့်မှန်းခြေ ငွေစာရင်းကို ဝန်ကြီးဌာန၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်းတွင် ပါဝင်ရေးဆွဲရမည်။

၃၀။ (ခ) ကောင်စီသည် နှစ်စဉ်အစီရင်ခံစာကို နိုင်ငံတော်သမ္မတထံ အစီရင်ခံ တင်ပြရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၂(က)(ခ) (ဂ)(ဃ)၊ အပိုဒ် ၂၃၊ အပိုဒ် ၂၇(ခ)၊ အပိုဒ် ၂၈၊ အပိုဒ် ၃၀(ခ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၂(က) (ခ)(ဂ)(ဃ)၊ အပိုဒ် ၂၃၊ အပိုဒ် ၂၇(ခ)၊ အပိုဒ် ၂၈၊ အပိုဒ် ၃၀(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၃၁(က)၊ အပိုဒ် ၃၃၊ အပိုဒ် ၃၄(က)(ခ)(ဂ)၊ အပိုဒ် ၃၅(က)(၄)(၇)(၈)(ခ)၊ အပိုဒ် ၃၆၊ အပိုဒ် ၃၈ ခြေဆင်း၊ အပိုဒ် ၃၉(က)(ခ)(၃)၊ အပိုဒ် ၄၀(ခ)(ဂ)၊ အပိုဒ် ၄၂၊ အပိုဒ် ၄၃

၃၁။ (က) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက အဖွဲ့အစည်းကို ကိုယ်စားပြုသော ပုဂ္ဂိုလ်သည် သက်ဆိုင်ရာလုပ်ငန်းကို စတင်လုပ်ကိုင်ခြင်းမပြုမီ ကောင်စီသို့ လိုင်စင်လျှောက်ထားရမည်။

၃၃။ လိုင်စင်ကို အခြားသူ သို့မဟုတ် အခြားအဖွဲ့အစည်းသို့ လွှဲပြောင်းပေးလိုပါက ကောင်စီ၏ သဘောတူခွင့်ပြုချက်ကို ကြိုတင် ရယူပြီးမှသာ ဆောင်ရွက်နိုင်သည်။

၃၄။ ကောင်စီသည် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ မူဝါဒ၊ သက်ဆိုင်ရာ လုပ်ငန်းများ၏ အကျိုးအမြတ်နှင့် ဈေးကွက် အခြေအနေတို့ကို အခြေခံပြီး ပြည်သူလူထု အကျိုးစီးပွားအတွက် လိုင်စင်ချထားပေးရာတွင် အောက်ပါမူဝါဒအတိုင်း ဆောင်ရွက်ရမည် -

(က) လူဦးရေသိပ်သည်းမှု များပြားသော ဒေသများ၌ စီးပွားရေးအရ ထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှု လုပ်ငန်းများအတွက် ဈေးပြိုင်စနစ်ကျင့်သုံးခြင်း၊

(ခ) လူဦးရေသိပ်သည်းမှု နည်းပါးသောဒေသများ သို့မဟုတ် သက်ဆိုင်ရာ လူမှုအသိုက်အဝန်းအတွက် ရည်ရွယ်သည့် စီးပွားဖြစ်မဟုတ်သည့် လိုင်စင် လျှောက်ထားခြင်းကို စိစစ်ခွင့်ပြုခြင်း၊

(ဂ) သက်ဆိုင်ရာလိုင်စင်နှင့်သက်ဆိုင်သော ကိစ္စရပ်များကို အခါအားလျော်စွာ ထုတ်ပြန်ကြေညာခြင်း။

၃၅။ (က) ကောင်စီသည် လိုင်စင်လျှောက်ထားမှုနှင့် စပ်လျဉ်း၍ အောက်ပါ သတ်မှတ်ချက်များကို ထည့်သွင်းစဉ်းစားရမည် -

(၄) မြန်မာနိုင်ငံတွင် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အကျိုးပြုနိုင်မည့် အလားအလာကို ဖော်ညွှန်းပေးနိုင်မှု၊

(၇) မီဒီယာလုပ်ငန်းပိုင်ဆိုင်မှုတွင် အများပြည်သူ၏ သဘောထားအမြင်များကို ဖော်ဆောင်သည့် မီဒီယာ ဗဟုဝါဒနှင့် မတူကွဲပြားမှုများအား ခိုင်မာအားကောင်းလာစေသည့် အားထုတ်ကြိုးပမ်းမှု၊

(၈) ကောင်စီက အခါအားလျော်စွာ ထုတ်ပြန်သည့် အခြားသတ်မှတ်ချက်များ။

(ခ) လိုင်စင်လျှောက်ထားစဉ်က ပါဝင်သည့် နည်းပညာပိုင်းဆိုင်ရာ အဆိုပြုချက်များနှင့် အစီအစဉ်ပိုင်းဆိုင်ရာ အဆိုပြုချက်များကို ပြောင်းလဲခြင်း မပြုရ။

၃၆။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူများသည် လိုင်စင်ကြေးများကို ကောင်စီ၏ ငွေစာရင်းမှတစ်ဆင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

၃၈။ ကောင်စီသည် လိုင်စင်သက်တမ်း တိုးပေးရန် လျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ လိုင်စင်သက်တမ်းကာလအတွင်း အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်းတွေ့ရှိပါက သက်တမ်းတိုး ထောက်ခံချက် ထုတ်ပေးရန် ငြင်းပယ်နိုင်သည် -

၃၉။ ကောင်စီသည် -

(က) ပုဒ်မ ၄၀ ပါ အကြောင်းတစ်ရပ်ရပ်နှင့် ငြိစွန်းခြင်းမရှိပါက လိုင်စင်သက်တမ်းတိုး ပေးရန် ဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ(က)အရ သက်တမ်းတိုးပေးရာတွင် အောက်ပါအချက်များကို ထည့်သွင်း စဉ်းစားနိုင်သည်။ လိုင်စင် သက်တမ်းအတွင်း -

(၃) မီဒီယာ လုပ်ငန်းပိုင်ဆိုင်မှုတွင် အများပြည်သူ၏ သဘောထားအမြင်များကို ဖော်ဆောင်သည့် မီဒီယာဗဟုဝါဒနှင့် မတူကွဲပြားခြားနားသည့် မီဒီယာအမျိုးအစားများအပေါ်တွင် အကျိုးသက်ရောက်မှု။

၄၀။ ကောင်စီသည် အောက်ပါအခြေအနေ တစ်ရပ်ရပ်ပေါ်ပေါက်ပါက လိုင်စင်ကို ရုပ်သိမ်းနိုင်သည် -

(ခ) ကောင်စီ၏ ခွင့်ပြုချက်မရရှိဘဲ သုံးလထက်ကျော်လွန်၍ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းကို ဆိုင်းငံ့ထားခြင်း သို့မဟုတ် ရပ်ဆိုင်းထားခြင်း၊

(ဂ) ကောင်စီ၏ ကြိုတင်ခွင့်ပြုချက်မရှိဘဲ လိုင်စင်ကို အခြားပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသို့ လွှဲပြောင်းပေးခြင်း၊

၄၂။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းသည် သက်ဆိုင်ရာ ထုတ်လွှင့်မှုကို ၁၂ လ တစ်ဆက်တည်း ဆိုင်းငံ့ထားခြင်း သို့မဟုတ် လုပ်ငန်းကို ရပ်ဆိုင်းထားခြင်းပြုလျှင် လိုင်စင်သည် အလိုအလျောက် ပျက်ပြယ်သည်။

၄၃။ ကောင်စီသည် အများပြည်သူဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်း၊ စီးပွားဖြစ်မဟုတ်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းနှင့် ဌာနပိုင်ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းတို့၏ လိုင်စင်ကြေးကို သီးခြား သတ်မှတ်ပေးရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃၁(က)၊ အပိုဒ် ၃၃၊ အပိုဒ် ၃၄(က)(ခ)(ဂ)၊ အပိုဒ် ၃၅(က)(၄)(၇)(၈)(ခ)၊ အပိုဒ် ၃၆၊ အပိုဒ် ၃၈ ခေါင်းစဉ်၊ အပိုဒ် ၃၉(က)(ခ)(၃)၊ အပိုဒ် ၄၀(ခ)(ဂ)၊ အပိုဒ် ၄၂၊ အပိုဒ် ၄၃ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၁(က)၊ အပိုဒ် ၃၃၊ အပိုဒ် ၃၄(က)(ခ)(ဂ)၊ အပိုဒ် ၃၅(က)(၄)(၇)(၈)(ခ)၊ အပိုဒ် ၃၆၊ အပိုဒ် ၃၈ ခေါင်းစဉ်၊ အပိုဒ် ၃၉(က)(ခ)(၃)၊ အပိုဒ် ၄၀(ခ)(ဂ)၊ အပိုဒ် ၄၂၊ အပိုဒ် ၄၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ဖြည့်စွက်ချက် -

အပိုဒ် ၄၄၊ အပိုဒ် ၄၅၊ အပိုဒ် ၄၈၊ အပိုဒ် ၄၉၊ အပိုဒ် ၅၀၊ အပိုဒ် ၅၁ ခေါင်းစဉ်၊ အပိုဒ် ၅၃(ခ)(ဂ)၊ အပိုဒ် ၅၄၊ အပိုဒ် ၅၆ ခေါင်းစဉ်၊ အပိုဒ် ၅၆(ခ)၊ အပိုဒ် ၆၁(ခ)၊ အပိုဒ် ၆၄

၄၄။ အများပြည်သူဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းသည် ပြည်သူအတွက် ဖြစ်ပြီး၊ ပြည်သူက ကြီးကြပ်ကွပ်ကဲခြင်းပြုသည့် လုပ်ငန်းဖြစ်သည်။ ယင်းသည် နိုင်ငံရေးအရစွက်ဖက်မှုနှင့် စီးပွားရေးအင်အားစုများ၏ ဖိအားမှ ကင်းလွတ်သည့် အဖွဲ့အစည်း ဖြစ်ရမည်။ အများပြည်သူဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းမှ တစ်ဆင့် နိုင်ငံသားများအား ပြန်ကြားပေးခြင်း၊ ပညာပေးခြင်းနှင့် ဖျော်ဖြေပေးခြင်းတို့ကို ဆောင်ရွက်ရမည်။

၄၅။ စီးပွားရေးအရထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများတွင် စီမံခန့်ခွဲမှုဆိုင်ရာနှင့် ကျွမ်းကျင်မှုဆိုင်ရာ လိုအပ်သော ရာထူးများအတွက် နိုင်ငံခြားသားပညာရှင်များကို ကောင်စီ၏ ခွင့်ပြုချက်ဖြင့် ငှားရမ်း အသုံးပြုနိုင်သည်။

၄၈။ စီးပွားရေးအရထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းတွင် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် အနေဖြင့်ဖြစ်စေ၊ စီးပွားရေး အဖွဲ့အစည်းတစ်ခု အနေဖြင့်ဖြစ်စေ ဆောင်ရွက်မည်ဆိုပါက သတ်မှတ်ထားသည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်မှုဇုန်တစ်ခုအတွင်း ရုပ်မြင်သံကြားထုတ်လွှင့်ခြင်း လုပ်ငန်းနှင့် ရေဒီယိုအသံထုတ်လွှင့်ခြင်းလုပ်ငန်း တစ်ခုစီထက်ပို၍ ပိုင်ဆိုင်ခွင့်မပြု။ သို့ရာတွင် ဤပြဋ္ဌာန်းချက်သည် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း အစီအစဉ်များ၊ ဖြန့်ဖြူးရေး ဝန်ဆောင်မှုလုပ်ငန်းနှင့် အခြားဝန်ဆောင်မှု လုပ်ငန်းများကို ပူးတွဲ လုပ်ဆောင်ခြင်းနှင့် မသက်ဆိုင်စေရ။

၄၉။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်မှုဇုန် တစ်ခုတွင် ပုဂ္ဂလိက သတင်းစာလုပ်ငန်းကိုဖြစ်စေ၊ ပုဂ္ဂလိက ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းကိုဖြစ်စေ ပူးတွဲပိုင်ဆိုင်ခြင်းနှင့် စပ်လျဉ်း၍ လုပ်ငန်းတစ်ခုကို ရာနှုန်းပြည့်ပိုင်ဆိုင်ထားပါက အခြားလုပ်ငန်းတစ်ခုကို ၃၀ ရာခိုင်နှုန်း ထက်ပို၍ ခွင့်မပြုရ။

၅၀။ ပုဒ်မ ၄၉ နှင့် ၅၀ တွင် ဖော်ပြထားသည့် မီဒီယာဈေးကွက်ရှာခြင်းနှင့် ပူးတွဲပိုင်ဆိုင်မှု ကန့်သတ်ထိန်းချုပ်ခြင်းများနှင့် စပ်လျဉ်း၍ လိုအပ်သည့် လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်များကို ကောင်စီက ရေးဆွဲထုတ်ပြန်ရမည်။

၅၁။ စီးပွားရေးအရ ထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းများသည် အောက်ပါ လုပ်ငန်းများမှ ဝင်ငွေနှင့် ထောက်ပံ့မှုများကို လက်ခံနိုင်သည် -

၅၃။ (ခ) အဓိကဦးတည်ချက်သည် သက်ဆိုင်ရာ လူမှုအသိုက်အဝန်းများအတွက် ပြန်ကြားရေး၊ ပညာပေးရေးနှင့် ဖျော်ဖြေရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ဖြစ်သည်၊

(ဂ) ယင်းအဖွဲ့အစည်းသည် သက်ဆိုင်ရာလူမှု အသိုက်အဝန်းနှင့် ဆက်စပ်မှုရှိကြောင်း ကောင်စီက ကျေနပ်လက်ခံနိုင်စေမည့် လုံလောက်သည့် အထောက်အထားကို ပြသရမည်။

၅၄။ ကောင်စီသည် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း လုပ်ငန်းများအတွက် သတ်မှတ်ခွဲဝေပေးထားသည့် လှိုင်းနှုန်း၏ အနည်းဆုံး ၂၀ ရာခိုင်နှုန်းကို စီးပွားဖြစ်မဟုတ်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများအတွက် လျာထားရမည်။

၅၆။ စီးပွားဖြစ်မဟုတ်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများသည် အောက်ပါတို့ကို လက်ခံနိုင်သည် -

(ခ) ပြည်တွင်း၊ ပြည်ပမှ ပူးပေါင်းဆောင်ရွက်သူများ၏ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ကြိုတင်ပြဋ္ဌာန်းချက်များ မပါဝင်သော စေတနာအလျောက် လှူဒါန်းမှုများဟု ပြင်ဆင်ထားပါတယ်။

၆၁။ (ခ) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်ရာတွင် အသုံးပြုသည့် ရုပ်မြင်သံကြားနှင့်အသံ ဖမ်းယူခြင်းဆိုင်ရာ ဂြိုဟ်တု စလောင်းများ၊ ဂြိုဟ်တု ရုပ်မြင်သံကြားဖမ်းစက်များ၊ ယင်းတို့နှင့် ဆက်စပ်သည့် ပစ္စည်းများသည် အဖွဲ့က သတ်မှတ်သည့် စံနှုန်းသတ်မှတ်ချက်များနှင့် ကိုက်ညီရမည်ဟု ဖြည့်စွက်ထားပါတယ်။

၆၄။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းအစီအစဉ် ဖြန့်ဖြူးရေး ဝန်ဆောင်မှုလုပ်ငန်းများ အနေဖြင့် နှစ်ချုပ်အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေး အစီရင်ခံစာတို့ကို ကောင်စီသို့ တင်သွင်းရမည်။ ယင်းအစီရင်ခံစာ၌ ပုဒ်မ ၅၂ တွင် ဖော်ပြထားသည့် ကဏ္ဍများနှင့် စပ်လျဉ်းသည့် အချက်အလက်များပါဝင်ရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄၄၊ အပိုဒ် ၄၅၊ အပိုဒ် ၄၈၊ အပိုဒ် ၄၉၊ အပိုဒ် ၅ဝ၊ အပိုဒ် ၅၁ ခြေဆင်း၊ အပိုဒ် ၅၃ (ခ)(ဂ)၊ အပိုဒ် ၅၄၊ အပိုဒ် ၅၆ ခြေဆင်း၊ အပိုဒ် ၅၆(ခ)၊ အပိုဒ် ၆၁(ခ)၊ အပိုဒ် ၆၄ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄၄၊ အပိုဒ် ၄၅၊ အပိုဒ် ၄၈၊ အပိုဒ် ၄၉၊ အပိုဒ် ၅ဝ၊ အပိုဒ် ၅၁ ခြေဆင်း၊ အပိုဒ် ၅၃(ခ)(ဂ)၊ အပိုဒ် ၅၄၊ အပိုဒ် ၅၆ ခြေဆင်း၊ အပိုဒ် ၅၆(ခ)၊ အပိုဒ် ၆၁(ခ)၊ အပိုဒ် ၆၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၆၇(ခ)၊ အပိုဒ် ၇၁၊ အပိုဒ် ၇၂၊ အပိုဒ် ၇၆(က)၊ အပိုဒ် ၇၇၊ အပိုဒ် ၇၉ ခြေဆင်း

၆၇။ (ခ) အချို့သောအစီအစဉ်များတွင် အကြားအာရုံချို့ယွင်းသူများအတွက် လက်သင်္ကေတပြခြင်းနှင့် စာတမ်းထိုးပြသခြင်းတို့ကို အသုံးပြုနိုင်သည်။

၇၁။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သူသည် ကြော်ငြာ ထည့်သွင်းရန်မှအပ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများ၏ ထုတ်လွှင့်ချိန်ကို ရောင်းချခြင်း မပြုရ။

၇၂။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သူသည် ပြည်တွင်း အရင်းအမြစ်များကို အသုံးပြု၍ ကြော်ငြာများ ရိုက်ကူးထုတ်လုပ်ခြင်းကို အားပေးရမည်။

၇၆။ (က) ပုဒ်မ ၇၆ ပါ လိုက်နာရမည့် ကျင့်ဝတ်များကို ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှု လုပ်ငန်းများကအပြည့်အဝလိုက်နာအကောင်အထည် ဖော်မှုရှိမရှိကို ကောင်စီက စောင့်ကြည့်စစ်ဆေးရန် တာဝန်ရှိသည်။

၇၇။ ပုဒ်မ ၇၆၊ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ကောင်စီသည် တိုင်ကြားလွှာများကို စုံစမ်းစစ်ဆေးခြင်းနှင့် ဖြေရှင်းခြင်းလုပ်ငန်းစဉ်များကို ရေးဆွဲထားရမည်။ အဆိုပါ လုပ်ငန်းစဉ်တွင် တိုင်ကြားခြင်းခံရသည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများက ပြန်လည်ဖြေရှင်းခွင့်နှင့် မေးမြန်းပိုင်ခွင့်များကို တိတိကျကျ ပေးအပ်ထားရမည်။

၇၉။ တိုင်ကြားချက်ကို ပုဒ်မ ၇၆ ပုဒ်မခွဲ(ခ)အရ ဆောင်ရွက်ရာတွင် မှန်ကန်ကြောင်း တွေ့ရှိရလျှင် ကောင်စီသည် အောက်ပါ နည်းလမ်းများဖြင့် လိုအပ်သလို အရေးယူဆောင်ရွက်နိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၆၇(ခ)၊ အပိုဒ် ၇၁၊ အပိုဒ် ၇၂၊ အပိုဒ် ၇၆(က)၊ အပိုဒ် ၇၇၊ အပိုဒ် ၇၉ ခြေဆင်း ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၆၇(ခ)၊ အပိုဒ် ၇၁၊ အပိုဒ် ၇၂၊ အပိုဒ် ၇၆(က)၊ အပိုဒ် ၇၇၊ အပိုဒ် ၇၉ ခြေဆင်း သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၈၅၊ အပိုဒ် ၈၆ ခြေဆင်း၊ အပိုဒ် ၈၆(က)မှ (ဆ)အထိ၊ အပိုဒ် ၈၇(က)၊ အပိုဒ် ၈၇(ခ) ခြေဆင်း၊ အပိုဒ် ၈၈

၈၅။ ကောင်စီကချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ လိုင်စင်ဆိုင်ရာ စည်းကမ်းချက်များနှင့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကြောင်း တွေ့ရှိရသည့် မည်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှု လုပ်ငန်းကိုမဆို ကောင်စီက စီမံခန့်ခွဲမှုဆိုင်ရာ အရေးယူမှုများ ဆောင်ရွက်နိုင်သည်။

၈၆။ ကျူးလွန်မှု သို့မဟုတ် ချိုးဖောက်မှု အတိုင်းအတာနှင့် အကြိမ်အရေအတွက်ပေါ် မူတည်၍ ကောင်စီသည် အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူမှုများ ဆောင်ရွက်နိုင်သည် -

(က) သတိပေးထုတ်ပြန်ခြင်း၊

( ခ ) ဥပဒေကိုချိုးဖောက်ကြောင်း စစ်ဆေးတွေ့ရှိသည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ အစီအစဉ်ကို အချိန်ကာလ သတ်မှတ်၍ ယာယီဆိုင်းငံ့ခြင်း၊

( ဂ ) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သည့် ထုတ်လွှင့်ချိန်အား ကန့်သတ်ခြင်း၊

(ဃ) စီမံခန့်ခွဲမှုဆိုင်ရာ ဒဏ်ကြေးသတ်မှတ်၍ ပေးဆောင်စေခြင်း၊

( င ) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းကို အချိန်ကာလသတ်မှတ်၍ ဆိုင်းငံ့ခြင်း၊

( စ ) လိုင်စင် သက်တမ်းတိုးမြှင့်ရန် လျှောက်ထားမှုအား ငြင်းပယ်ခြင်း ၊

(ဆ) လိုင်စင်ကို ရုပ်သိမ်းခြင်း။

၈၇။ (က) လုပ်ငန်း လိုင်စင်ရရှိသူသည် ယင်း လိုင်စင်ကို ရရှိရန် မရိုးဖြောင့်သော သဘောဖြင့် ဖြစ်စေ၊ လိမ်လည် လှည့်ဖြားရန် အကြံဖြင့်ဖြစ်စေ လျှောက်ထားခဲ့ကြောင်း သော်လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်၍ ဆောင်ရွက်ခဲ့ကြောင်း သော်လည်းကောင်း တစ်နည်းနည်းဖြင့် စိစစ်တွေ့ရှိရပါက ကောင်စီသည် ယင်း လိုင်စင်ကို ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရုပ်ဆိုင်းခြင်း ပြုနိုင်သည်။

( ခ ) ကောင်စီသည် လိုင်စင်ကို ရုပ်သိမ်းရာတွင် အောက်ပါအချက်များကို ထည့်သွင်း စဉ်းစား ရမည် -

၈၈။ ကောင်စီသည် စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူဆောင်ရွက်မှုအရ ရရှိသည့် ဒဏ်ကြေးငွေများကို ဝန်ကြီးဌာန၏ ငွေစာရင်းမှတစ်ဆင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၈၅၊ အပိုဒ် ၈၆ ခြေဆင်း၊ အပိုဒ် ၈၆(က)မှ (ဆ) အထိ၊ အပိုဒ် ၈၇(က)၊ အပိုဒ် ၈၇(ခ) ခြေဆင်း၊ အပိုဒ် ၈၈ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၈၅၊ အပိုဒ် ၈၆ ခြေဆင်း၊ အပိုဒ် ၈၆(က)မှ (ဆ) အထိ၊ အပိုဒ် ၈၇(က)၊ အပိုဒ် ၈၇(ခ) ခြေဆင်း၊ အပိုဒ် ၈၈ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၈၉၊ အပိုဒ် ၉၀၊ အပိုဒ် ၉၁

၈၉။ မည်သူမျှလိုင်စင်မရှိဘဲ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ခြင်း မပြုရ။

၉၀။ မည်သူမျှ လိုင်စင်သက်တမ်းကုန်ဆုံး ပြီးနောက် ထပ်မံသက်တမ်းတိုးခြင်းမရှိဘဲ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှု လုပ်ငန်းတစ်ရပ်ရပ်ကို ဆက်လက် လုပ်ကိုင်ခြင်း မပြုရ။

၉၁။ မည်သူမျှ ပုဒ်မ ၄၉ နှင့် ၅၀ ပါ ပြဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်ခြင်း မရှိစေရ ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၈၉၊ အပိုဒ် ၉၀၊ အပိုဒ် ၉၁ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၈၉၊ အပိုဒ် ၉၀၊ အပိုဒ် ၉၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၉၃၊ အပိုဒ် ၉၅၊ အပိုဒ် ၉၆

၉၃။ မည်သူမဆို ပုဒ်မ ၈၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်းပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်ကျပ် သိန်းသုံးရာမှ ကျပ်သိန်းငါးရာအထိ ချမှတ်ရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သော ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၉၅။ မည်သူမဆို ပုဒ်မ ၉၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်းပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကိုငွေဒဏ်ကျပ် သိန်းတစ်ရာမှ ကျပ်သိန်းသုံးရာအထိ ချမှတ်ရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သော ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်ဆည်းရမည်။

၉၆။ မည်သူမဆို ပုဒ်မ ၉၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်းပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်ကျပ် သိန်းသုံးရာမှ ကျပ် သိန်းငါးရာအထိ ချမှတ်ရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သော ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၉၃၊ အပိုဒ် ၉၅၊ အပိုဒ် ၉၆ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၉၃၊ အပိုဒ် ၉၅၊ အပိုဒ် ၉၆ သည် ဤ ဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၉၇၊ အပိုဒ် ၉၉၊ အပိုဒ် ၁၀၀

၉၇။ ဤဥပဒေ အာဏာမတည်မီက ဆောင်ရွက်လျက်ရှိသော ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများ သည် ဤဥပဒေ ပြဋ္ဌာန်းသည့်နေ့မှ တစ်နှစ်အတွင်း ဤဥပဒေနှင့် အညီ လိုင်စင်လျှောက်ထားရယူရမည်။

၉၉။ ဤဥပဒေအာဏာမတည်မီက ထုတ်ပြန်ခဲ့သော ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း လုပ်ငန်းဆိုင်ရာ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၁၀၀။ ဤဥပဒေပြဋ္ဌာန်းသည့် နေ့ရက်မှ ၆ လ အတွင်း ကောင်စီကို ဖွဲ့စည်းရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၉၇၊ အပိုဒ် ၉၉၊ အပိုဒ် ၁၀၀ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ် ၉၇၊ အပိုဒ် ၉၉၊ အပိုဒ် ၁၀၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၁၀၂၊ အပိုဒ် ၁၀၃(က)(ခ)

၁၀၂။ ကောင်စီသည် တရားစွဲဆိုပိုင်ခွင့်နှင့် တရားစွဲဆိုခံပိုင်ခွင့် ရှိသည်။

၁၀၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) အဖွဲ့နှင့် ကောင်စီတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ်၁၀၂၊ အပိုဒ် ၁၀၃ (က)(ခ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၀၂၊ အပိုဒ် ၁၀၃(က)(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပယ်ဖျက်ချက် -

အမျိုးသားလွှတ်တော်က အတည်ပြုထားသည့် အပိုဒ် ၆(င)(ဈ)၊ အပိုဒ် ၇ ၊ အပိုဒ် ၁၁၊ အပိုဒ် ၈၆၊ အပိုဒ် ၈၉(က)၊ အပိုဒ် ၁၀၁၊ အပိုဒ် ၁၀၆ တို့ကို ပြည်သူ့လွှတ်တော်က ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် -

ပြည်သူ့လွှတ်တော်က အပိုဒ် ၃၁(ခ)(၁)မှ(၅) အထိ၊ အပိုဒ် ၄၆ တို့ကို မူလအဆိုပြုချက်အတိုင်းထားရှိရန်ဟု တင်ပြထားပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၄၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၆။**

**ဦးစိုင်းတင်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုရွှေနေချုပ်၊ အမျိုးသားလွှတ်တော်ကော်မရှင် ပညာရှင်များနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကာယစိတ္တ၊ သုခနှစ်ဖြာနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း လေးစားစွာ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးစိုင်းတင်အောင် ပဲ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ ပြည်ထောင်စုအစိုးရအဖွဲ့၏ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်**
**စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁) ၁/ ၂၀၁၅-

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ပါရန် ၁၉-၆-၂၀၁၅ ရက်နေ့တွင် ပေးပို့ခဲ့ပြီး ပြည်သူ့လွှတ်တော်က အဆိုပါ ဥပဒေကြမ်းအား ပြင်ဆင်အတည်ပြုခြင်းကို ဆောင်ရွက်ခဲ့ပါသည်။ ထို့နောက် ပြည်သူ့လွှတ်တော်မှ အတည်ပြုသော ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆက်လက်ဆွေးနွေးဆောင်ရွက်ရန် ၂၆-၆-၂၀၁၅ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်း

ကော်မတီသည် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ တာဝန်ရှိသူများနှင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များကို ၃၀-၆-၂၀၁၅ ရက်နေ့တွင် တွေ့ဆုံညှိနှိုင်း သုံးသပ်ခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည် -

မူလဥပဒေကြမ်း ပုဒ်မ ၇၊ ပုဒ်မခွဲ (ခ)နှင့် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဃ) ပါ ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းဆိုသည့် စကားရပ်ကို ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးလုပ်ငန်းဟူသော စကားရပ်ဖြင့် အစားထိုးရမည်ဟု ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ပုဒ်မ ၇၊ ပုဒ်မခွဲ (ခ)ကို ပြည်ထောင်စုအစိုးရအဖွဲ့ဝင် တစ်ဦးဦးသည် နိုင်ငံရေးပါတီ တစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင်သော်လည်းကောင်း၊ တစ်သီးပုဂ္ဂလ ရွေးကောက်ခံရသူ ဖြစ်လျှင်သော်လည်းကောင်း၊ သီးခြားခန့်ထားတာဝန်ပေးသည့် နိုင်ငံသားတစ်ဦးဖြစ်လျှင်သော်လည်းကောင်း၊ အဆိုပါပုဂ္ဂိုလ်သည် နောင်လာမည့် အထွေထွေရွေးကောက်ပွဲ တစ်ရပ်ရပ်တွင် ပါဝင်ရွေးချယ်ခံမည့်သူဖြစ်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၊ ပုဒ်မခွဲ (က)အရ ပေးအပ်သော ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံးစေရန်၊ ယင်းပုဒ်မ ၁၂၀ နှင့် ၁၂၁ တို့ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီလျှင် ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေး လုပ်ငန်းများကို သော်လည်းကောင်း၊ နယ်မြေစည်းရုံးရေး လုပ်ငန်းများကိုသော်လည်းကောင်း ဆောင်ရွက်ခွင့်ရှိစေရန် ရည်ရွယ်၍ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါသည်။ ဤပြဋ္ဌာန်းချက်သည် ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံးစေရန်သာ ရည်ရွယ်ခြင်းဖြစ်ပြီး ပါတီနိုင်ငံရေးဆောင်ရွက်ခွင့် လုံးဝမသက်ဆိုင်ကြောင်း ပေါ်လွင်ပါသည်။

၃။ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၄ တွင် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် ထိုသို့ ရွေးချယ်တင်မြှောက်ခြင်းခံရသည့်နေ့မှစ၍ မိမိတို့ရာထူးသက်တမ်းအတွင်း ယင်းပါတီ အဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်မပြုရဟုလည်းကောင်း၊ ပုဒ်မ ၂၃၂၊ ပုဒ်မခွဲ (ဋ) တွင် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် ထိုသို့ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ မိမိရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရဟုလည်းကောင်း၊ အလားတူ ပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (စ)တွင် ဒုတိယဝန်ကြီးနှင့် ၎င်းနှင့် အဆင့်အတန်းတူ တာဝန်များ ခန့်အပ်တာဝန်ပေးခြင်းခံရသူသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင် ဖြစ်လျှင် ပုဒ်မ ၂၃၂၊ ပုဒ်မခွဲ (ဈ)၊ (ည)နှင့် (ဋ) ပါ ပြဋ္ဌာန်းချက်အရ ရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရဟု ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ (ခ) သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အထက်ပါပုဒ်မများကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းထားခြင်းမျှသာဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွန်ပြဋ္ဌာန်းခွင့်မရှိသဖြင့် ယင်း ပုဒ်မ ၇၊ ပုဒ်မခွဲ(ခ)ပါ ပါတီဆိုသည့် စကားရပ်ကို ပယ်ဖျက်သင့်ကြောင်း တွေ့ရှိရပါသည်။ ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဃ)တွင်လည်း အလားတူပယ်ဖျက်သင့်ကြောင်း တွေ့ရှိရပါသည်။

၄။ (က) ထို့အပြင် မူရင်းဥပဒေပုဒ်မ ၅၅ ၏နောက်တွင် ပုဒ်မ ၅၅-က ကို လွှတ်တော်သက်တမ်း တစ်ရပ်ရပ်အတွက် ပါတီစုံအထွေထွေရွေးကောက်ပွဲများ ရှိသည့်နှစ်တွင် ပြည်ထောင်စု

အစိုးရအဖွဲ့သည် လာမည့်ဘဏ္ဍာနှစ်အတွက် အမျိုးသားစီမံကိန်း ဥပဒေကြမ်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ အခွန်ကောက် ဥပဒေကြမ်းတို့ကို ရေးဆွဲပြီး အသစ်ဖွဲ့စည်းမည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောထားရယူ၍ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းရမည် ဟု လည်းကောင်း၊

( ခ ) မူရင်းဥပဒေ ပုဒ်မ ၁၀၂ ၏နောက်တွင် ပုဒ်မ ၁၀၂-က၊ ပုဒ်မ ၁၀၂- ခ နှင့် ပုဒ်မ ၁၀၂-ဂ တို့ကို -

၁၀၂-က။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၀ အရ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသူနှင့် ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခံရသူများအတွက် ထိုသူများ ပြည်ထောင်စုလွှတ်တော်၌ ကတိသစ္စာမပြုရသေးမီကာလအတွင်း အစိုးရသစ်ဖွဲ့စည်းရေးဆောင်ရွက်နိုင်ရန် အဆင့်အတန်းနှင့် လျော်ညီသော ရုံးခန်းများ၊ ဝန်ထမ်းများ၊ ရုံးအသုံးအဆောင်ပစ္စည်းကိရိယာများ လုံခြုံရေးနှင့် နေထိုင်ရေးတို့အတွက် ဆောင်ရွက်ပေးရမည်။

၁၀၂-ခ။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၂၊ ပုဒ်မ ၂၃၇၊ ပုဒ်မ ၂၄၂၊ ပုဒ်မ ၂၉၉၊ ပုဒ်မ ၃၂၇ နှင့် ပုဒ်မ ၃၉၈ တို့အရ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရရှိပြီးသော ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များနှင့် ဤဥပဒေအရ ခန့်အပ်တာဝန်ပေးသည့် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များအတွက် ထိုသူများ ပြည်ထောင်စုလွှတ်တော်၌ ကတိသစ္စာမပြုရ သေးမီကာလအတွင်း ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းကိစ္စများအတွက် ရုံးခန်းနှင့် ဝန်ထမ်းများ၊ ရုံးအသုံးအဆောင်ပစ္စည်းကိရိယာများနှင့် လုံခြုံရေးတို့ကို စီစဉ်ပေးရမည်။

၁၀၂-ဂ။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) မိမိ၏ပုံမှန်သက်တမ်း ကုန်ဆုံးသည့်အခါ အသစ်ဖွဲ့စည်းမည့် ပြည်ထောင်စုအစိုးရအဖွဲ့အသစ်သို့ မိမိ၏လုပ်ငန်းတာဝန်များကို လွှဲပြောင်းနိုင်ရေးအတွက် ပုံမှန်သက်တမ်းမကုန်ဆုံးမီ ကြိုတင်၍ ပြင်ဆင်ဆောင်ရွက်ထားရှိရမည်။

( ခ ) ပြည်ထောင်စုအစိုးရအဖွဲ့သစ် ကျမ်းသစ္စာ ကျိန်ဆိုပြီးသည်နှင့် တစ်ပြိုင်နက် တာဝန်ကို စနစ်တကျ လွှဲပြောင်းရမည်။

( ဂ ) အစိုးရအဖွဲ့ အဟောင်းနှင့်အသစ်ကြား လွှဲပြောင်းမှု စာရွက်စာတမ်းများကို အမျိုးသားမော်ကွန်းတိုက်တွင် မှတ်တမ်းတင်သိမ်းဆည်းနိုင်ရန် ပေးပို့ရမည် ဟုလည်းကောင်း ဖြည့်စွက် ပြင်ဆင်သင့်ကြောင်းလည်း တွေ့ရှိရပါသည်။ သို့မှသာ ပြည်ထောင်စုအစိုးရအဖွဲ့၏ လုပ်ငန်းတာဝန်လွှဲပြောင်းခြင်းသည် အဆင်ပြေချောမွေ့

ပြီး ဥပဒေနှင့်အညီ စနစ်တကျ ဆက်လက်ဆောင်ရွက် သွားနိုင်မည် ဖြစ်ပါသည်။ ဟုလည်းကောင်း - ပြင်ဆင်သင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၅။ သို့ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များသည် လွှတ်တော်၏ ဒုတိယပုံမှန်သက်တမ်းအတွက် ပြည်ထောင်စုအစိုးရအဖွဲ့က မဖြစ်မနေကြိုတင်လုပ်ဆောင်ရမည့် ပြဋ္ဌာန်းချက်များဖြစ်၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၅၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြ လက်မှတ်ရေးထိုးပြီး ယနေ့အစည်းအဝေး ပြီးဆုံးပြီးနောက် ညနေ ၄ နာရီထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စု ရှေ့နေချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၅၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၃)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရှေ့နေချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုရှေ့နေချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၅၃။**

**ဦးတင်ယု(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးတင်ယု ဖြစ်ပါတယ်။ ပြည်ထောင်စုရှေ့နေချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်ပြီး တင်ပြခြင်း အစီရင်ခံစာအား အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**ပြည်ထောင်စုရှေ့နေချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်**
**စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁ /၂၀၁၅ - ၃၇၄
ရက် စွဲ ၊ ၂၀၁၅ ခုနှစ် ၊ ဇူလိုင် လ ၁ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုရှေ့နေချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ပါရန် ၁၉-၆-၂၀၁၅ ရက်နေ့တွင် ပေးပို့ခဲ့ပြီး ပြည်သူ့လွှတ်တော်က အဆိုပါ ဥပဒေကြမ်းအား အတည်ပြုခြင်းကို ဆောင်ရွက်ခဲ့ပါသည်။ ထို့နောက် ပြည်သူ့လွှတ်တော်မှအတည်ပြုသော ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆက်လက်ဆွေးနွေးဆောင်ရွက်ရန် ၂၆-၆-၂၀၁၅ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းကို နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ တာဝန်ရှိသူများနှင့် ၃၀-၆-၂၀၁၅ ရက်နေ့တွင် တွေ့ဆုံညှိနှိုင်းသုံးသပ်ခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည် -

(က) ပြည်ထောင်စုရှေ့နေချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၏ မူလဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ(ခ)တွင်ပါရှိသော ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းဆိုသည့် စကားရပ်ကို ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးလုပ်ငန်းဆိုသည့် စကားရပ်ဖြင့် အစားထိုး ပြင်ဆင်သင့်ကြောင်း တွေ့ရှိရပါသည်။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၇၊ ပုဒ်မခွဲ(ဇ)တွင် ပြည်ထောင်စုရှေ့နေချုပ်သည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် ပြည်ထောင်စုရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရမည့်နေ့မှစ၍ မိမိရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရဟု ပြဋ္ဌာန်းထားစပါသည်။

(ဂ) သို့ရာတွင် ဤဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ(ခ)ပါ မူလပြဋ္ဌာန်းချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈(က) တွင် ပြဋ္ဌာန်းပါရှိသည့် နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ

ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ကို မဆုံးရှုံးစေရန် အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၀ နှင့် ပုဒ်မ ၁၂၁ ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီလျှင် ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးလုပ်ငန်းများကို လုပ်ဆောင်နိုင်ရန် ရည်ရွယ်ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ရွေးကောက်တင် မြှောက်ခံပိုင်ခွင့်မဆုံးရှုံးစေရန်သာ ရည်ရွယ်ခြင်းဖြစ်ပြီး ပါတီနိုင်ငံရေး လုပ်ဆောင် ခွင့်နှင့် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်း ပေါ်လွင်ပါသည်။ မူလဥပဒေပြဋ္ဌာန်းချက် သည် အခြေခံဥပဒေကို ကျော်လွန်ပြဋ္ဌာန်းခွင့်မရှိ၍ ပုဒ်မ ၇၊ ပုဒ်မခွဲ(ခ)ပါ ပါတီ ဟူသော စကားရပ်ကို ပယ်ဖျက်၍ ပြင်ဆင်ရန်လိုအပ်ပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စု ရှေ့နေချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်သည် ဆီလျော်မှုရှိသည့်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့်အတိုင်း အမျိုးသား လွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုရှေ့နေချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ် များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၅၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့ လာသော ပြည်ထောင်စုရှေ့နေချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြ လက်မှတ်ရေးထိုးပြီး ယနေ့အစည်းအဝေး ပြီးဆုံးပြီးနောက် ညနေ ၄ နာရီထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စု စာရင်းစစ်ချုပ် ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၅၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို တတိယ အကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့ လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါဥပဒေကြမ်းကို အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၇။**

**ဦးကျော်ကျော်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်က အမျိုးသား လွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦးကျော်ကျော် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ကော်မတီရဲ့ကိုယ်စား ကျွန်တော်က ဖတ်ကြားတင်သွင်းပေးပါမယ်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၅-
ရက်စွဲ ၊ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ပါရန် ၁၉-၆-၂၀၁၅ ရက်နေ့တွင် ပေးပို့ခဲ့ပြီး ပြည်သူ့လွှတ်တော်က အဆိုပါ ဥပဒေကြမ်းအား အတည်ပြုခြင်းကို ဆောင်ရွက်ခဲ့ပါသည်။ ထို့နောက် ပြည်သူ့လွှတ်တော်မှ အတည်ပြုသော ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆက်လက်ဆွေးနွေးနိုင်ရန် ၂၆-၆-၂၀၁၅ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းကို နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင်မှ တာဝန်ရှိသူများနှင့် ၃၀-၆-၂၀၁၅ ရက်နေ့တွင် တွေ့ဆုံဆွေးနွေး ညှိနှိုင်းသုံးသပ်ခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည် -

(က) ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း၏ မူလဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ(ခ)တွင်ပါရှိသော ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေး လုပ်ငန်း ဆိုသည့် စကားရပ်ကို ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးလုပ်ငန်း ဆိုသည့် စကားရပ်ဖြင့် အစားထိုးပြင်ဆင်သင့်ကြောင်း တွေ့ရှိရပါသည်။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၂၊ ပုဒ်မခွဲ(ဆ)တွင် ပြည်ထောင်စုစာရင်းစစ်ချုပ်သည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ဒုတိယစာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်း ခံရသည့်နေ့မှစ၍ မိမိရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရ ဟု ပြဋ္ဌာန်းထားပါသည်။

(ဂ) သို့ရာတွင် ဤဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈(က)တွင် ပြဋ္ဌာန်းပါရှိသည့် နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်ခံပိုင်ခွင့်ကို မဆုံးရှုံးစေရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၂၀ နှင့် ပုဒ်မ ၁၂၁ ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီလျှင် ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးလုပ်ငန်းများကို လုပ်ဆောင်နိုင်ရန် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံးစေရန်သာ ရည်ရွယ်ခြင်းဖြစ်ပြီး ပါတီနိုင်ငံရေး လုပ်ဆောင်ခွင့်နှင့် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်း ပေါ်လွင်ပါသည်။ မူလဥပဒေ ပြဋ္ဌာန်းချက် တစ်ရပ်သည် အခြေခံဥပဒေကို ကျော်လွန်ပြဋ္ဌာန်းခွင့် မရှိ၍ ပုဒ်မ ၇၊ ပုဒ်မခွဲ(ခ)ပါ ပါတီ ဟူသော စကားရပ်ကို ပယ်ဖျက်၍ ပြင်ဆင်ရန် လိုအပ်ပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်သည် ဆီလျော်မှုရှိသည့်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့်အတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၂း၀၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များဆွေးနွေးလိုသည့် အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ယနေ့အစည်းအဝေး ပြီးဆုံးပြီးနောက် ညနေ ၄ နာရီထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၂း၀၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့ လွှတ်တော်

တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေကို ပြင်ဆင် သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၀၂။**

**ဦးစိုင်းတင်အောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကျွန်တော် ဦးစိုင်းတင်အောင် မှ ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်**
**စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁ /၂၀၁၅ - ၃၇၃
ရက်စွဲ ၊ ၂၀၁၅ ခုနှစ် ၊ ဇူလိုင်လ ၁ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ပါရန် ၁၉-၆-၂၀၁၅ ရက်နေ့တွင် ပေးပို့ခဲ့ပြီး ပြည်သူ့လွှတ်တော်က အဆိုပါဥပဒေကြမ်းအား အတည်ပြုခြင်းကို ဆောင်ရွက်ခဲ့ပါသည်။ ထို့နောက် ပြည်သူ့လွှတ်တော်မှ အတည်ပြုသော ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆက်လက် ဆွေးနွေးနိုင်ရန် ၂၆-၆-၂၀၁၅ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းကို နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ တာဝန်ရှိသူများနှင့် ၃၀-၆-၂၀၁၅ ရက်နေ့တွင် တွေ့ဆုံညှိနှိုင်းသုံးသပ်ခဲ့ပါသည်။

## လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(က) ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း ပုဒ်မ ၇၊ ပုဒ်မခွဲ(ခ) တွင် ပါရှိသော ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်း ဆိုသည့် စကားရပ်ကို ရွေးကောက်ပွဲ ဆိုင်ရာစည်းရုံးရေးလုပ်ငန်း ဆိုသည့်စကားရပ်ဖြင့် အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၆)တွင် ပြည်ထောင်စုရာထူးဝန် အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးရာတွင် နိုင်ငံရေးပါတီဝင် မဟုတ်သူဟု ပြဋ္ဌာန်းထားပါသည်။

(ဂ) သို့ရာတွင် ဤဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈(က) တွင် နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက် တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ကို မဆုံးရှုံးစေရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၂၀ နှင့် ပုဒ်မ ၁၂၁ ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီလျှင် ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးလုပ်ငန်းများကို လုပ်ဆောင်နိုင်ရန် ရည်ရွယ်ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ရွေးကောက်တင်မြှောက်ခံ ပိုင်ခွင့်မဆုံးရှုံးစေရန်သာ ရည်ရွယ်ခြင်းဖြစ်ပြီး ပါတီနိုင်ငံရေး လုပ်ဆောင်ခွင့်နှင့် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်း ပေါ်လွင်ပါသည်။ မူလဥပဒေပြဋ္ဌာန်းချက်တစ်ရပ်သည် အခြေခံဥပဒေကို ကျော်လွန်ပြဋ္ဌာန်းခွင့်မရှိ၍ ပုဒ်မ ၇၊ ပုဒ်မခွဲ(ခ)ပါ ပါတီ ဟူသော စကားရပ်ကို ပယ်ဖျက်၍ ပြင်ဆင်ရန် လိုအပ်ပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်သည် ဆီလျော်မှု ရှိသည့်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့်အတိုင်း အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၂:၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြ လက်မှတ်ရေးထိုးပြီး ယနေ့အစည်းအဝေး ပြီးဆုံးပြီးနောက် ညနေ ၄ နာရီထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော နေပြည်တော်ကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၂း၀၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ နေပြည်တော်ကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော နေပြည်တော်ကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်း ကော်မတီရဲ့ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၀၅။**

**ဦးဝင်းမောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမောင် ၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌရဲ့ တာဝန်ပေးအပ်ချက်အရ ကျွန်တော် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ နေပြည်တော်ကောင်စီ ဥပဒေကို ပြင်ဆင် သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာအပေါ် ဖတ်ကြားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**နေပြည်တော်ကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်**
**စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁ /၂၀၁၅ - ၃၇၈
ရက်စွဲ ၊ ၂၀၁၅ ခုနှစ် ၊ ဇူလိုင်လ ၁ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က နေပြည်တော်ကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ပါရန် ၁၉-၆-၂၀၁၅ ရက်နေ့တွင် ပေးပို့ခဲ့ပြီး ပြည်သူ့လွှတ်တော် က အဆိုပါ ဥပဒေကြမ်းအား အတည်ပြုခြင်းကို ဆောင်ရွက်ခဲ့ပါသည်။ ထို့နောက် ပြည်သူ့လွှတ်တော်မှ အတည်ပြုသော ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆက်လက်ဆွေးနွေးဆောင်ရွက်ရန် ၂၆-၆-၂၀၁၅ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းကို နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ တာဝန်ရှိသူများနှင့် ၃၀-၆-၂၀၁၅ ရက်နေ့တွင် တွေ့ဆုံ ညှိနှိုင်းသုံးသပ်ခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နေပြည်တော်ကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည် -

(က) နေပြည်တော်ကောင်စီ ဥပဒေကြမ်း၏ မူလဥပဒေကြမ်း ပုဒ်မ ၆၊ ပုဒ်မခွဲ(ခ) ပါ ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်း ဆိုသည့် စကားရပ်ကို ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးလုပ်ငန်း ဆိုသည့်စကားရပ်ဖြင့် အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါ သည်။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၈၅၊ ပုဒ်မခွဲ(ဆ) တွင် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ သို့မဟုတ် ကောင်စီဝင်တစ်ဦးဦးသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် နေပြည်တော် ကောင်စီဝင်အဖြစ် ခန့်အပ်တာဝန်ပေးခံရသည့်နေ့မှစ၍ မိမိရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုရ ဟု ပြဋ္ဌာန်းထားပါသည်။

(ဂ) သို့ရာတွင် ဤဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈(က)တွင် ပြဋ္ဌာန်းပါရှိသည့် နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ကို မဆုံးရှုံးစေရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၀ နှင့် ပုဒ်မ ၁၂၁ ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီလျှင် ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးလုပ်ငန်းများကို လုပ်ဆောင်နိုင်ရန် ရည်ရွယ်ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံးစေရန်သာ ရည်ရွယ်ခြင်းဖြစ်ပြီး ပါတီနိုင်ငံရေး လုပ်ဆောင်ခွင့်နှင့် လုံးဝသက်ဆိုင်ခြင်း မရှိကြောင်း ပေါ်လွင်ပါသည်။ မူလဥပဒေပြဋ္ဌာန်းချက်တစ်ရပ်သည် အခြေခံဥပဒေကို ကျော်လွန်ပြဋ္ဌာန်းခွင့်မရှိ၍ ပုဒ်မ ၆၊ ပုဒ်မခွဲ(ခ)ပါ ပါတီ ဟူသော စကားရပ်ကို ပယ်ဖျက်၍ ပြင်ဆင်ရန် လိုအပ်ပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နေပြည်တော်ကောင်စီ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်သည် ဆီလျော်မှုရှိသည့်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့်အတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော နေပြည်တော်ကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၂း၀၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော နေပြည်တော်ကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ယနေ့ အစည်းအဝေး ပြီးဆုံးပြီးနောက် ညနေ ၄ နာရီထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စု တရားစီရင်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၂း၀၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၂၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စု တရားစီရင်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၀၉။**

**ဦးကျော်ကျော် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်က အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးကျော်ကျော် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ကော်မတီ၏ကိုယ်စား ကျွန်တော်က ဖတ်ကြားတင်သွင်းပေးမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁ / ၂၀၁၅ -
ရက်စွဲ ၊ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ပါရန် ၁၉-၆-၂၀၁၅ ရက်နေ့တွင် ပေးပို့ခဲ့ပြီး ပြည်သူ့လွှတ်တော်က အဆိုပါ ဥပဒေကြမ်းအား အတည်ပြုခြင်းကို ဆောင်ရွက်ခဲ့ပါသည်။ ထို့နောက် ပြည်သူ့လွှတ်တော်မှ အတည်ပြုသော ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆက်လက်ဆွေးနွေးဆောင်ရွက်ရန် ၂၆-၆-၂၀၁၅ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းကို နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ တာဝန်ရှိသူများနှင့် ၃၀-၆-၂၀၁၅ ရက်နေ့တွင် တွေ့ဆုံညှိနှိုင်းသုံးသပ်ခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည် -

(က) ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကြမ်း၏ ပုဒ်မ ၂၉၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ ၄၇၊ ပုဒ်မခွဲ(ခ) တို့တွင် ပါရှိသော ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းဆိုသည့် စကားရပ်ကို ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးလုပ်ငန်း ဆိုသည့် စကားရပ်ဖြင့် အစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) ဖွဲ့စည်းပုံအခြေခံ ပုဒ်မ ၃၀၀(က) တွင် ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများသည် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းရမည်ဟုလည်းကောင်း၊ ပုဒ်မ ၃၀၁(စ)တွင် နိုင်ငံရေးပါတီဝင်မဟုတ်သူ ဟူ၍ လည်းကောင်း ပြဋ္ဌာန်းထားပါသည်။

(ဂ) သို့ရာတွင် ဤဥပဒေပုဒ်မ ၂၉၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ ၄၇၊ ပုဒ်မခွဲ(ခ)ပါ မူလပြဋ္ဌာန်းချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈(က)တွင် နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ကို မဆုံးရှုံးစေရန် အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၀ နှင့် ပုဒ်မ ၁၂၁ ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီ လျှင် ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးလုပ်ငန်းများကို လုပ်ဆောင်နိုင်ရန် ရည်ရွယ်ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံးစေရန်သာ ရည်ရွယ်ခြင်းဖြစ်ပြီး ပါတီနိုင်ငံရေး လုပ်ဆောင်ခွင့်နှင့် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်း ပေါ်လွင်ပါသည်။ မူလဥပဒေ ပြဋ္ဌာန်းချက်တစ်ရပ်သည် အခြေခံဥပဒေကို ကျော်လွန်ပြဋ္ဌာန်းခွင့်မရှိ၍ ပုဒ်မ ၂၉၊

ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ ၄၇၊ ပုဒ်မခွဲ(ခ)ပါ ပါတီ ဟူသော စကားရပ်ကို ပယ်ဖျက်၍ ပြင်ဆင်ရန် လိုအပ်ပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်သည် ဆီလျော်မှုရှိသည့်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့်အတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၂း၁၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ယနေ့အစည်းအဝေး ပြီးဆုံးပြီးနောက် ညနေ ၄ နာရီထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၂း၁၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၂၃)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၁၄။**

**ဦးတင်ယု(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ကျွန်တော် ဦးတင်ယု က အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း အပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာအား အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်**
**ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁ /၂၀၁၅ - ၃၇၇
ရက်စွဲ ၊ ၂၀၁၅ ခုနှစ် ၊ ဇူလိုင်လ ၁ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ပါရန် ၁၉-၆-၂၀၁၅ ရက်နေ့တွင် ပေးပို့ခဲ့ပြီး ပြည်သူ့လွှတ်တော်က အဆိုပါ ဥပဒေကြမ်းအား အတည်ပြုခြင်းကို ဆောင်ရွက်ခဲ့ပါသည်။ ထို့နောက် ပြည်သူ့လွှတ်တော်မှ အတည်ပြုသော ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆက်လက်ဆွေးနွေး ဆောင်ရွက်နိုင်ရန် ၂၆-၆-၂၀၁၅ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းကို နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင်မှ တာဝန်ရှိသူများနှင့် ၃၀-၆-၂၀၁၅ ရက်နေ့တွင် တွေ့ဆုံညှိနှိုင်း သုံးသပ်ခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည် -

(က) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေ ပုဒ်မ ၁၁ တွင် ပါရှိသော ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်း ဆိုသည့် စကားရပ်ကို ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးလုပ်ငန်း ဆိုသည့်စကားရပ်ဖြင့် အစားထိုးပြင်ဆင်သင့်ကြောင်း တွေ့ရှိရပါသည်။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃၃၊ ပုဒ်မခွဲ(ဃ)တွင် နိုင်ငံရေးပါတီဝင်မဟုတ်သူ ဟု ပြဋ္ဌာန်းထားပါသည်။

(ဂ) သို့ရာတွင် ဤဥပဒေပုဒ်မ ၁၁ ပါ မူလပြဋ္ဌာန်းချက်သည် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၃၈(က)တွင် ပြဋ္ဌာန်းပါရှိသည့် နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ကို မဆုံးရှုံးစေရန်

အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၂၀ နှင့် ပုဒ်မ ၁၂၁ ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီလျှင် ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးလုပ်ငန်းများကို လုပ်ဆောင်နိုင်ရန် ရည်ရွယ်ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံးစေရန်သာ ရည်ရွယ်ခြင်းဖြစ်ပြီး ပါတီနိုင်ငံရေးလုပ်ဆောင်ခွင့်နှင့် လုံးဝသက်ဆိုင်ခြင်း မရှိကြောင်း ပေါ်လွင်ပါသည်။ မူလဥပဒေပြဋ္ဌာန်းချက်တစ်ရပ်သည် အခြေခံဥပဒေကို ကျော်လွန် ပြဋ္ဌာန်းခွင့်မရှိ၍ ပုဒ်မ ၁၁ ပါ ပါတီ ဟူသော စကားရပ်ကို ပယ်ဖျက်၍ ပြင်ဆင်ရန် လိုအပ်ပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်သည် ဆီလျော်မှုရှိသည့်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့်အတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၂း၁၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ယနေ့ အစည်းအဝေး ပြီးဆုံးပြီးနောက် ညနေ ၄ နာရီထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။ ဥပဒေကြမ်းကော်မတီက ယနေ့ အစီရင်ခံစာ တင်သွင်းခဲ့တဲ့ ဥပဒေကြမ်းများအပေါ် ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၆-၇-၂၀၁၅ ရက် (တနင်္လာ) နေ့မှာ ဆွေးနွေးခွင့်ပြုမည်ဖြစ်ကြောင်းနှင့် ဥပဒေအားလုံး၏ သဘောသဘာဝ တူညီတဲ့ အတွက် ဥပဒေကြမ်း (၇)ခုအပေါ် တပေါင်းတည်း ဆွေးနွေးနိုင်ပါကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၆၆) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၆၇) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂း၁၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၆)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသား

လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၇)ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၆ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၆)ရက်မြောက်နေ့ကို ၁၂း၁၉ နာရီအချိန်တွင် ရပ်နားပါသည်။]